
http://www.dhammadownload.com



# သရဏာဂုံ

## ဆိုင်ရာ

## အမေး (၁၀၀)

## အဖြေ (၁၀၀)

သာမဏေကျော်

(၀၀၄) ပြဿနာ (၀၀၄) အဖြေ ပေါင်းချုပ် ပုံတော်တော်

http://www.dhammadownload.com

# သရဏာဂုံ

## ဆိုင်ရာ

## အမေး (၁၀၀)

## အဖြေ (၁၀၀)

သာမဏေကျော်

http://www.dhammadownload.com

ပဏ္ဏိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီး

(၂၅) နှစ်မြောက် အထိမ်းအမှတ်

ဒွေရတုသဘင်အတွက်

# ဓမ္မဒါန

ပညာရောင်သည် အတောက်ပဆုံးအရောင်ဖြစ်၍

ထိုပညာရောင်ဖြင့် ဘဝခရီးအမှောင်တို့ကိုဖြို့ခွင်းကာ

တောက်ပသော ဘဝခရီးမှာ

လျှောက်လှမ်းနိုင်ကြစေရန် ရည်သန်ပြီး

ဦးဝင်းမောင်+ဒေါ်ခင်သီတာ သား-မောင်သန်းထွဋ်

မိသားစုတို့က လှူဒါန်းကြပါသည်

ဟလာပြိုင်အိမ်ဓာတ် ကမာရွတ်မြို့နယ်။

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

အဖုံးနှင့် ● အောင်သုခ

အတွင်း ပုံနှိပ်၊ စာအုပ်ချုပ်၊ Riso၊ မိတ္တူနှင့်
စက္ကူရောင်းဝယ်ရေးလုပ်ငန်း။
ဖုန်း - ၀၉-၄၂၀၂၁၉၃၉

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ●

ထုတ်ဝေသူ ● ဒေါ်ဖြူဖြူဟန် (ယာယီ၁၉၉၁)
သာမဏေကျော်စာပေ

**ဖြန့်ချိရေး**



သာမဏေကျော်စာပေ
သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)မော်ဘီမြို့နယ်၊
ရန်ကုန်တိုင်း၊ ဖုန်း ၀၁ - ၇၀၉၆၈၀၊ ၀၉ - ၇၃၀၈၂၃၆၉

ထုတ်ဝေသည့်ကက်သလောက်အည်းန်း
သာမဏေကျော်
သရဏဟုံဆိုင်ရာအမေး (၁၀၀)၊ အဖြေ (၁၀၀)၊
သာမဏေကျော် - ရန်ကုန်
စာပေ - ၂၀၁၄၊
စာ - ၃၁၅၊ ၁၃.၅ * ၂၁ စင်တီ
(၁) ဟိန္ဒီသိက္ခာ

http://www.dhammadownload.com

# သရဏဂုံဆိုင်ရာ
# အမေး(၁၀၀)၊အဖြေ(၁၀၀)

ဒေါက်တာဇဂဒ်ိ

http://www.dhammadownload.com

# နိဒါန်း

"သရဏဂုံနဲ့ပတ်သက်ပြီး စာအုပ်တစ်အုပ် ရေးစမ်းပါ။ သရဏဂုံက ဗုဒ္ဓသာသနာဝင်တွေအတွက် အခြေခံကျပါတယ်။ အရေးကြီးပါတယ်။ နားလည်ဖို့ လိုအပ်လှပါတယ်"

"ဆရာတော်ကြီးတွေ ရေးပြီးသားစာအုပ်တွေ ရှိပါတယ်။ တပည့်တော် ရေးရင် ဆရာတော်ကြီးတွေ ရေးထားတာတွေထက် ပိုထူးပြီး မရေးနိုင်ပါ။ မရေးတတ်ပါ။ ဆရာတော်ကြီးတွေ ရေးပြီးစာအုပ်တွေကိုပဲ ဖတ်ပါ"

မော်လမြိုင် ပဏ္ဍိတာရာမရိပ်သာမှ ဆရာတော် ဥူးနန္ဒသိရိက တောင်းဆိုလို့ သာမဏေကျော်က ပြန်လည်လျှောက်ထားတဲ့ စကားလေးတွေ ဖြစ်ပါတယ်။

ဒကာကြီး ဦးချစ်ကောင်း ခေါ် ဦးဌေးလွင်ကလည်း သရဏဂုံနဲ့ပတ်သက်ပြီး သိလိုတာလေးတွေကို မေးလျှောက်လိုပါတယ်။ တပည့်တော်အား ရှင်းပြပေးပါလို့ တောင်းဆိုလာပြန်ပါတယ်။ နှစ်ဦးက

http://www.dhammadownload.com



တောင်းဆိုလာတော့ သူတို့ရဲ့ဆန္ဒလေးတွေကို ဖြည့်ပေးဖို့ စဉ်းစားရပါတော့တယ်။ စဉ်းစားရတဲ့အခါ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သပြေကန်ဆရာတော်ကြီး၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးနဲ့ လယ်တီဆရာတော်ကြီး၊ ရန်ကုန်–မဟာဝိသုဒ္ဓါရုံဆရာတော်တို့ သရဏဂုံနဲ့ပတ်သက်ပြီး ရေးသားထားခဲ့တဲ့ ရေးသားချက်တွေကို သတိရလာမိပါတယ်။ ဆရာတော်ကြီး (၆)ပါးရဲ့ ရေးသားချက်တွေကို တစ်စုတစ်စည်းတည်း ပုဒ္ဓသာသနာဝင်တွေ သိခွင့်ရကြရင် ကောင်းမှာပဲလို့ တွေးမိပါတယ်။ ဒါကြောင့် ဆရာ တော်ကြီး (၆)ပါးရဲ့ ရေးသားချက်တွေကို မေးခွန်းလေးတွေကို ပြုလုပ် ကာ အဖြေအနေနဲ့ ရေးသားဖော်ပြလိုက်ပါတယ်။ မေးခွန်း (၁၀၀)၊ အဖြေ (၁၀၀) ရှိပါတယ်။ ဒါကြောင့် စာအုပ်နာမည်ကို **''သရဏဂုံ ဆိုင်ရာ အမေး (၁၀၀)၊ အဖြေ (၁၀၀)''** လို့ အမည်ပေး လိုက်ပါတယ်။

**သာမဏေကျော်**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်

လှော်ကားဥယျာဉ်အနီး၊ မော်ဘီမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

၁၃၇၅ ခု၊ ဝါဆိုလဆန်း (၇)ရက် (၃၊ ၇၊ ၂၀၁၄)

http://www.dhammadownload.com

၁။ မေး။ ။ သရဏာဂုံ (၃)ပါး ပါဠိနဲ့ အနက်က ဘယ်လိုပါလဲ။

ဖြေ။ ။ (၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(၂) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(၃) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## ကြည့်ရှုရန်အဓိပ္ပာယ်

(၁) ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်လေလျောင်း ပုန်း အောင်းမှီခိုရာဟူ၍၊ ဂစ္ဆာမိ–မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဓမ္မံ–တရားတော်မြတ်ကို၊ သရဏံ–ဟူ၍၊ ဂစ္ဆာမိ–မှီဝဲ ဆည်းကပ် သိမှတ်ပါ၏။ သံဃံ–အရိယာသံဃာတော်မြတ် ကို၊ သရဏံ–ဟူ၍၊ ဂစ္ဆာမိ–မှီဝဲဆည်းကပ် သိမှတ်ပါ၏။

http://www.dhammadownload.com



(၂) ဒုတိယမွိ–နှစ်ကြိမ်မြောက်လည်း... ရှေးအတိုင်း ဆို။
(၃) တတိယမွိ–သုံးကြိမ်မြောက်လည်း... ရှေးအတိုင်း ဆို။
(ရတနာ့ဂုဏ်ရည်၊ စာ ၁၉၉-၂၀၀)

၂။ မေး။ ။ သရဏဂုံဆိုတဲ့ မြန်မာစကားက ဘယ်က ဖြစ်လာပါသလဲ။ သရဏဂုံရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲ။ သရဏဂုံက ဘယ်နှစ်ပါးရှိပါသလဲ။ သရဏဂုံဆောက်တည်တယ်ဆိုတာ ဘယ်လိုဟာပါလဲ။

ဖြေ။ ။ ''သရဏ+ဂမန'' ဟူသော ပါဠိမှ ''သရဏဂုံ'' ဟု မြန်မာစကား ဖြစ်လာသည်။ (သရဏ = ကိုးကွယ်ရာဟူ၍ + ဂမန = အသိအမှတ်ပြုလျက် ဆည်းကပ်ခြင်း) ''ဘုရား၊ တရား၊ အရိယာသံဃာသည် ကိုးကွယ်ရာအစစ် ဖြစ်၏'' ဟု အသိအမှတ်ပြုလျက် ရှိသေလေးမြတ် ဆည်းကပ်လိုသော ကုသိုလ်စေတနာကို ''သရဏဂုံ'' ဟု ခေါ်၏။ ၁–ဘုရားကိုးကွယ်မှု၊ ၂–တရားကိုးကွယ်မှု၊ ၃–အရိယာသံဃာကိုးကွယ်မှုအားဖြင့် ၃ ပါး ရှိသည်။ ''သရဏဂုံ ၃ ပါး''ဟု ယခုကာလ ခေါ်ကြသည်မှာလည်း ဤ ၃ ပါးပင်တည်း။ မိမိသန္တာန်၌ ထိုရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လိုသော စိတ်စေတနာဖြစ်နေကြောင်း ထင်ရှားပြဖို့ရာ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' စသော ပါဠိစကားကိုဖြစ်စေ၊ ''ဘုရားကိုးကွယ်ပါ၏'' စသော မြန်မာစကားကိုဖြစ်စေ၊ ရွတ်ဆိုခြင်းသည် သရဏဂုံဆောက်တည်ခြင်း မည်၏။
(ရတနာ့ဂုဏ်ရည်၊ စာ-၂၀၀)

http://www.dhammadownload.com



၃။ မေး။ ။ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ လို့ ရွတ်ဆိုရာမှာ ဘာကို ရည်မှန်း ထားရပါမလဲ။

ဖြေ။ ။ ဗုဒ္ဓံ–အရ ဘုရားဟုဆိုရာ၌ ရုပ်ပုံ ရုပ်ပွား ဆင်းတု စေတီတော်များလောက်တွင် စိတ်မထားဘဲ ဘုရားဂုဏ်တော်ဖွင့်၌ ပြခဲ့သော ''ဘုရားရှင်''ကို ရည်မှန်း၍ ထားရာ၏။

။ ။ ဓမ္မံ–အရ တရားဟုဆိုရာ၌ ယခုကာလ ဓမ္မကထိကတွေ သံရှည် သံတို ဆွဲ၍ ယပ်လှဲ ယပ်ထောင်တရားများနှင့် စာအုပ်ပေစာတွေလောက်တွင် စိတ်မထားဘဲ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ မဟာသတိပဋ္ဌာန်စသော ဘုရားဟောပါဠိတော်၊ အဋ္ဌကထာ ကျမ်းစာအစဉ်နှင့် မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရည်မှန်းထားရာ၏။

။ ။ သံဃံ–အရ သံဃာဟုဆိုရာ၌ ယခုကာလ ရဟန်းသံဃာလောက်တွင် စိတ်မထားဘဲ သံဃာ့ဂုဏ်၌ ပြခဲ့သော အရိယာသံဃာကို ရည်မှန်းထားရာ၏။ ဤသို့ ရည်မှန်းနိုင်မှသာ ''သရဏဂုံ'' အစစ်အမှန်ကို ရမည်။

(ရတနာ့ဂုဏ်ရည်၊ ၂၀၀/၁)

၄။ မေး။ ။ ''သရဏဂုံ ကိုးကွယ် လဲလျောင်း ပုန်းအောင်းရာ'' ဟူ၍ ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲ။

ဖြေ။ ။ ရတနာမြတ်သုံးပါးသည် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့၌ မကျမရောက်အောင် ဟောတော်မူသော အားဖြင့် စောင့်ရှောက်တော်မူပေရကား . . . .

http://www.dhammadownload.com



ကိုး = ရတနာသုံးပါးကို ကိုးစားရာ (အားကိုးစရာ) ဟူ၍ လည်းကောင်း၊

ကွယ် = ဘေးရန်ပေါ်လာလျှင် ကာကွယ်ဖို့ရာ ဟူ၍လည်း ကောင်း၊

လဲလျောင်း = (မိဘအပေါ်မှာ ယုံကြည်၍ သားသမီးများ လဲလျောင်းအိပ်နေသလို) ရတနာသုံးပါးကို ကောင်းစွာယုံကြည်၍ လဲလျောင်းဖို့ရာ ဟူ၍ လည်းကောင်း

ပုန်းအောင်း = အပါယ်ဘေး မရောက်အောင် ပုန်းအောင်း နေဖို့ရာ ဟူ၍လည်းကောင်း၊

မှီခို = မိဘကို သားသမီးက မှီဆိုသကဲ့သို့ မှီဖို့ရာဟူ၍ လည်း ကောင်း၊ အသိအမှတ်ပြုလျက် "နှစ်နှစ်သက်သက် မှီဝဲဆည်းကပ်ပါ၏" ဟု ဆိုလိုသည်။

(ရတနာ့ဂုဏ်ရည်၊ ၂၀၀/၂)

**၅။ မေး။ ။ သရဏဂုံတစ်ကြိမ် ဆောက်တည်ရုံမျှနဲ့ တစ်သက် တည်ပါသလား။**

ဖြေ။ ။ ဤသို့ ယုံကြည်လေးမြတ်စွာ တစ်ကြိမ်လောက် ဆောက်တည်ထားလျှင် ယုံကြည်စိတ် မပျက်သမျှ တစ်သက်လုံး "သရဏဂုံတည်သူ" မည်တော့၏။ ထပ်ကာထပ်ကာ ဆောက်တည် နေဖွယ် မလိုပါ။ ယခုကာလ၌ကား သီလဆောက်တည်တိုင်း ထပ်၍ သရဏဂုံဆောက် တည်လေ့ရှိကြသည်။ သို့သော် အပြစ်မရှိ၍ ထို နည်းကို မပယ်ဖျက်လိုပါ။

(ရတနာ့ဂုဏ်ရည်၊ ၂၀၂)

http://www.dhammadownload.com



၆။ မေး။ ။ သရဏဂုံပျက်ရာအခါတွေက ဘာတွေပါလဲ။ အလောင်းကောင်ကို သရဏာဂုံတင်လို့ သရဏာဂုံ ရပါသလား။

ဖြေ။ ။ ရတနာသုံးပါးကို မကိုးကွယ်လိုသောအခါ၊ အသက်ဆုံးသောအခါ၌ သရဏာဂုံ ပျက်၏။ ထို့ကြောင့် တစ်စုံတစ်ယောက် အနီစွရောက်သောအခါ ''ရောက်ရာဘဝက သတိရနေလျှင် သရဏာဂုံ ယူပါစေတော့''ဟု ရည်မှန်း၍ အလောင်းကို သရဏာဂုံတင်ရိုးပြုကြသည်။ စိတ်မရှိသော အလောင်းအတွက်ကား သရဏာဂုံတင်သော်လည်း သရဏာဂုံ မရပါ။

(ရတနာဂုဏ်ရည်၊ ၂၀၂)

၇။ မေး။ ။ သရဏာဂုံပါဠိ ရွတ်နေပေမယ့် နားမလည်သူမှာ သရဏာဂုံရဖွယ် ရှိပါသလား။

ဖြေ။ ။ ယခုကာလ သရဏာဂုံဆောက်တည်သူတို့တွင် တချို့မှာ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' စသော ပါဠိကို ရွတ်နေသော်လည်း မြန်မာလို ဘာကို ဆိုလိုကြောင်း မသိကြ။ ဗုဒ္ဓံ , ဓမ္မံ, သံဃံဟု နှုတ်က ရွတ်နေသော်လည်း ဘုရား တရား သံဃာအစစ်ကို နားမလည်ကြချေ။ ထိုသို့ နားမလည်သူတို့မှာ ဉာဏ်နှင့်ယှဉ်သော ဉာဏသမ္မယုတ် မဟာ ကုသိုလ် သရဏာဂုံ မရနိုင်။ အတော်အတန် နားလည်သူ, ဘုရား တရား သံဃာကို ကိုးကွယ်လိုစိတ်ရှိသူ၌ကား ဉာဏဝိပ္ပယုတ် သရဏာဂုံ ကိုမျှသာ ရဖွယ်ရှိ၏။ လုံးလုံး နားမလည်သူတို့မှာ သရဏာဂုံကိုမျှ လုံးလုံးရဖွယ် မရှိ။ သရဏာဂုံမတည်လျှင် ဗုဒ္ဓဘာသာဝင် မဟုတ်သေး။ ထို့ကြောင့် သရဏာဂုံအကြောင်းကို ကောင်းကောင်း နားလည်အောင် လေ့လာကြပါကုန်။

(ရတနာဂုဏ်ရည်၊ ၂၀၃)

http://www.dhammadownload.com



၈။ မေး။ ။ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' အရ ဘယ်လိုဘုရားကို ကိုးကွယ်ရမှာပါလဲ။

ဖြေ။ ။ ယခုအခါ စဉ်းစားလေ့ရှိသူတို့သည် ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' စသော သရဏဂုံ၌ သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုးကွယ်ရမည်။ စေတီတော်များကား ဘုရားရှင်၏ အရိုးဓာတ်တော်ကို ဌာပနာထားရာ ဖြစ်၍လည်းကောင်း၊ ရုပ်ပုံဆင်းတုတော်များမှာ ဘုရားရှင်၏ ပုံတော်ကို စွမ်းနိုင်သမျှ အတုပြုလုပ်ထားသော ပုံတော်များ ဖြစ်၍ လည်းကောင်း၊ ဘုရားရှင်ကို ရည်မှန်း၍ ကိုးကွယ်ပူဇော်ရာဌာန များ ဖြစ်ကြသည်''ဟု နားလည်ကြပေပြီ။

(ရတနာ့ဂုဏ်ရည်၊ ၂၀၃)

၉။ မေး။ ။ ''ဓမ္မံ သရဏံ ဂစ္ဆာမိ'' အရ ဘယ်လိုတရားကို ကိုးကွယ်ရမှာပါလဲ။

ဖြေ။ ။ တရားကို ကိုးကွယ်ရာ၌လည်း ''ကိလေသာအညစ် အကြေးတို့ကို ပယ်ရှားနိုင်သော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား တော်များနှင့် ဘုရားရှင် ဟောတော်မူအပ်သော တရားစစ် တရား မှန်များကိုသာ ကိုးကွယ်ရမည်''ဟု နားလည်ကြပေပြီ။

(ရတနာ့ဂုဏ်ရည်၊ ၂၀၃)

၁၀။ မေး။ ။ ''သံဃံ သရဏံ ဂစ္ဆာမိ'' အရ ပုထုဇဉ်သံဃာကို ဘယ်လိုသဘောထားပြီး ကိုးကွယ်သင့်ပါသလဲ။

ဖြေ။ ။ ''သံဃာကို ကိုးကွယ်ပါ၏''ဟု သရဏဂုံ ဆောက် တည်ရာ၌ကား စိတ်ထဲမှာ ရဟန်းသံဃာအမျိုးမျိုး

http://www.dhammadownload.com



ပေါ်လာသောကြောင့် ကျေကျေနပ်နပ် ဆည်းကပ်ကိုးကွယ်လိုစိတ် မဖြစ်နိုင်ကြ။ ထိုသို့ဖြစ်ရာ၌ ဘုန်းကြီးတို့ ကလေးအရွယ်က စိတ်နေ စိတ်ထားကို ပြန်၍သတိရတော့သည်။ ဘုရားရှိခိုးရာ၌ ကလေး၏ စိတ်သည် ရှေ့မှာ ရှိသော စေတီတော်၊ ဆင်းတုတော်ထက် ပိုလွန်၍ ဘုရားရှင်အစစ်တိုင်အောင် မမှန်းနိုင်ခဲ့ပါ။ အထက်တန်းစာကို သင်ရသောအခါကျမှ စေတီတော်၊ ဆင်းတုတော်များကို ရှိခိုးတိုင်း ဘုရားရှင် အစစ်ရောက်အောင် ထွင်းဖောက်၍ အာရုံပြုနိုင်ပါသည်။

ထို့အတူ ပုထုဇဉ်ရဟန်းသံဃာများကို စေတီတော်၊ ဆင်းတုတော်များကဲ့သို့ သဘောထား၍ အရိယာဖြစ်ပြီးသော ရဟန်းသံဃာများကို ဘုရားအစစ်လို သဘောထားလျက် စဉ်းစားကြည့်သောအခါ အတော်စိတ်ရှင်းသွားပါလိမ့်မည်။ စေတီတော်၊ ဆင်းတုတော်များကို ရွှေတိဂုံ၊ မဟာမြတ်မုနိတို့ကဲ့သို့ အလွန်အဆင့်အတန်းမြင့်နေသည်ကို လည်း ဖူးတွေ့ကြရ၏။ ဘုရားဒကာ၊ ဘုရားအမနှင့် ကိုးကွယ်သူ ရွာသားတို့ အပြုအပြင်မတတ်မှုကြောင့် မသပ္ပာယ်သော စေတီတော်၊ ဆင်းတုတော်များကိုလည်း (မလွဲမရှောင်သာ) မြင်ရတွေ့ရ၏။

သပ္ပာယ်သော စေတီတော်၊ ဆင်းတုတော်များကို ဖူးမြော်ရသောအခါ လွန်စွာအားရ၍ သက်တော်ထင်ရှား ဘုရားကိုလည်း သတိရသကဲ့သို့ အဆင့်အတန်းမြင့်မြင့်နှင့် တရားကျင့်နေသော သာသနာ့တာဝန်ကို အားသွန်ကြိုးစားနေသော ရဟန်းသံဃာတော်များကို ဖူးမြော်ရသောအခါ "သြော်...ဘုရားလက်ထက်တော်၌ အရှင်မဟာကဿပ စသော သံဃာတော်များသည် ဤသို့ကျင့်တော်မူကြပေလိမ့်မည်၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်ဥပါလိ၊ အရှင်

http://www.dhammadownload.com



အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာ စသော သံဃာတော်များသည် ဤသို့ပင် သာသနာ့တာဝန်ကို အားသွန်ကြိုးစားတော်မူကြပေလိမ့်မည်''ဟု အရိယာသံဃာတော်များ ထင်မြင်လာအောင် နှစ်သက်ခြင်းကို ဆောင်နိုင်ကြပေလိမ့်မည်။ ထိုကဲ့သို့ ထင်လာမြင်လာအောင်လည်း သတိထားမိကြပါစေ။

မသပ္ပာယ်သော စေတီ ဆင်းတုတော်များကို တွေ့ရသောအခါ ''ဒီရပ်သူ နယ်သားတွေ အသိအလိမ္မာနည်းသေးလို့ ယခုလို စေတီဆင်းတုတော်များ မသပ္ပာယ် မတင့်တယ်ဘဲ ရှိနေကြရသည်။ ရပ်သူနယ်သားတို့ အသိအလိမ္မာ တိုးပွားလာလျှင် ဤစေတီ ဆင်းတုတော်များကို သားနားသပ္ပာယ်အောင် ခြယ်လှယ်နိုင်ပေလိမ့်မည်''ဟု ရပ်သူနယ်သားတို့၏ အသိဉာဏ်ကို မြှင့်တင်လိုသော စိတ်ဆန္ဒသာ ဖြစ်ပေါ်လာ၍ ဆင်းတုစေတီတော်များ၏ မသပ္ပာယ်မှုကို အပြစ်မမြင်နိုင်သကဲ့သို့၊ ထို့အတူ အဆင့်အတန်း မမြင့်မကြွယ် မသပ္ပာယ်သော ရဟန်းသံဃာတော်များကို တွေ့ရပြန်လျှင်လည်း သာသနာကို ကိုးကွယ်သော လူတစ်စု၏ အသိဉာဏ်နည်းမှုကိုသာ အပြစ်တင်ကာ မတော်မလျော် သွားလာနေထိုင်သူတို့အပေါ်မှာ အပြစ်မတင်သာဘဲ ရှိပါလိမ့်မည်။

(ရတနာ့ဂုဏ်ရည်၊ စာ ၂၀၄/၅)

**၁၁။ မေး။ ။ ဘုရားရှင်က သရဏဂုံပေးတာ ရှိခဲ့ပါသလား။**

ဖြေ။ ။ ဘုရားရှင်သည် ''ဆတ္တ'' မည်သော တက္ကသိုလ်ကျောင်းသားတစ်ယောက်အား ဗုဒ္ဓ – ဓမ္မ သရဏဂုံ ပေးတော်မူပြီး

http://www.dhammadownload.com



နောက် သံဃသရဏာဂုံ ပေးတော်မူရာ၌ ''အရိယာသံဃာတော်ကို ကိုးကွယ်ဆည်းကပ်လော့'' ဟု မိန့်တော်မူပါသည်။ (ဆတ္တမာဏဝက ဝိမာနဝတ္ထု) ထို့ကြောင့် ယခုအခါ ''သံဃံ သရဏံ ဂစ္ဆာမိ = သံဃာတော်ကို ဆည်းကပ်ကိုးကွယ်ပါ၏'' ဟု သရဏာဂုံဆောက်တည်ရာ၌ အရိယာသံဃာကိုသာ ရည်မှန်း၍ ဆောက်တည်ကြပါလေ။ သံဃာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းသောအခါလည်း သုပွဋိပန္နတာ စသော ဂုဏ်တော်များနှင့် ပြည့်စုံပြီးသော အရိယာသံဃာတော်များကိုသာ အာရုံပြုရပါသည်။ သံဃာ့ဂုဏ်တော်အဖွင့်၌ အရိယာသံဃာတော်များချည်း ပါဝင်ပုံကို ပြန်၍သတိပြုပါ။ ရတနသုတ်၊ ပရိတ်တော်လာ သံဃာ့ဂုဏ်ကို ပြရာ၌လည်း အရိယာသံဃာတော်များသာ ဖြစ်ပါသည်။

(ရတနာ့ဂုဏ်ရည်၊ စာ ၂၀၆)

**၁၂။ မေး။ ။ ပုထုဇဉ်သံဃာက ဘယ်လို လယ်ယာမြေနဲ့ တူပါသလဲ။**

ဖြေ။ ။ သက်တော်ထင်ရှား ဘုရားမရှိသော ယခုအခါ၌ ဘုရားရှင်ကို လှူဒါန်းပူဇော်လိုလျှင် ဘုရားကို ရည်မှန်း၍ စေတီတော်၊ ဆင်းတုတော်ကိုသာ လှူဒါန်းပူဇော်ရတော့သကဲ့သို့ ထို့အတူ အရိယာသံဃာကို ရည်မှန်း၍ လှူဒါန်းပူဇော်လိုလျှင် တွေ့ရာကြုံရာ ပုထုဇဉ်သံဃာကိုလည်း လှူဒါန်းပူဇော်ကြရတော့သည်။ ''အနုတ္တရံ ပုညခေတ္တံ = အရိယာသံဃာတော်သည် အတုမရှိ ကောင်းသော လယ်ယာမြေပင်တည်း'' ဟု မိန့်တော်မူချက်အရ ပထမတန်းလယ် ယာမြေကိုမရလျှင် ဒုတိယတန်းလယ်ယာမြေမှာပင် စိုက်ပျိုးရ သကဲ့သို့ ပထမတန်းသံဃာ

http://www.dhammadownload.com



ကို မရလျှင် သီလ, သမာဓိ, ပညာအားဖြင့် ဒုတိယတန်း ပုထုဇဉ် သံယောဇဉ်ကိုရှာ၍ ကိုးကွယ်ဆည်းကပ်ဖို့ တာဝန်မှာ တိုင်းသူပြည်သားတို့ အသိဉာဏ်ပေါ်၌သာ တည်၏။ အချုပ်မှာ ပုဂ္ဂိုလ်ကောင်းကို ရွေးချယ်၍ ကိုးကွယ်နိုင်မှသာ အကျိုးများများရမည်ဟု ဆိုလိုပါသည်။

ဒုတိယတန်း လယ်ယာမြေမရှိလျှင် တတိယတန်း လယ်ယာမြေ၌လည်း စိုက်ပျိုးကြရသကဲ့သို့ ထို့အတူ တတိယတန်းပုထုဇဉ် သံယောဇဉ်များကိုလည်း (သံယောဇဉ်ကို ရည်မှန်း၍ လှူဒါန်းပူဇော်နိုင်လျှင်) ထိုက်သင့်သမျှ အကျိုးရမည့် အကြောင်းကိုလည်း ချဲ့ထွင်စဉ်းစားကြပါလေ။ သာသနာဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်လာသောအခါ ''လည်ပင်း၌ သင်္ကန်းပတ်ထားသော ရဟန်းအတုကိုပင် သံယောဇဉ်၌ လှူဒါန်းနိုင်လျှင် မရေမတွက်နိုင်သော အကျိုးရနိုင်၏''ဟု ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောတော်မူပါသည်။

(ရတနာကုဏ္ဍည်၊ စာ ၂၀၆)

၁၃။ မေး။ ။ သရဏဆုံ (၃)ပါးကို ပါဠိနဲ့ မြန်မာ ကွဲစပ်ကာ ဘယ်လို မှတ်ရပါမလဲ။

ဖြေ။ ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဘုရားရှင်ကို ကိုးကွယ်ပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ = တရားတော်ကို ကိုးကွယ်ပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ = အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

http://www.dhammadownload.com



ဒုတိယမြို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ= နှစ်ကြိမ်မြောက်လည်း
ဘုရားရှင်ကို ကိုးကွယ်ပါ၏။။
ဒုတိယမြို့ ဓမ္မံ သရဏံ ဂစ္ဆာမိ = နှစ်ကြိမ်မြောက်လည်း
တရားတော်ကို ကိုးကွယ်ပါ၏။။
ဒုတိယမြို့ သံဃံ သရဏံ ဂစ္ဆာမိ = နှစ်ကြိမ်မြောက်လည်း
အရိယာသံဃာတော်ကို
ကိုးကွယ်ပါ၏။။

တတိယမြို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = သုံးကြိမ်မြောက်လည်း
ဘုရားရှင်ကို ကိုးကွယ်ပါ၏။။
တတိယမြို့ ဓမ္မံ သရဏံ ဂစ္ဆာမိ = သုံးကြိမ်မြောက်လည်း
တရားတော်ကို ကိုးကွယ်ပါ၏။။
တတိယမြို့ သံဃံ သရဏံ ဂစ္ဆာမိ = သုံးကြိမ်မြောက်လည်း
အရိယာသံဃာတော်ကို
ကိုးကွယ်ပါ၏။။
(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၉)

**၁၄။ မေး။။ ။ ရတနာသုံးပါးဂုဏ်တော်ကို မသိဘဲ သရဏဂုံယူတဲ့ ထုံးစံ ရှိခဲ့ပါသလား။။ သာဓကပြပါ။။**

ဖြေ။။ ။ ကလေးများသည် ဘုရား၊ တရား၊ အရိယာသံဃာ တော်များ၏ ဂုဏ်တော်ကို မသိသေးသော်လည်း သရဏဂုံ ကိုးကွယ်မှု

http://www.dhammadownload.com



စိတ်ထား ဖြစ်နိုင်ပါသည်။ ဗောဓိမင်းသား၏ မယ်တော်သည် မင်းသားကို ကိုယ်ဝန်ဆောင်စဉ် ဘုရားရှင်နှင့်တွေ့၍ ''တပည့်တော်၏ ကိုယ်ဝန် သူငယ်သည် ဘုရား တရား သံဃာတော်ကို ကိုးကွယ်ပါ၏''ဟု ကိုယ်ဝန်အတွက် သရဏဂုံ ယူဖူး၏။ ထို့နောက် ဖွားမြင်ပြီး၍ အထိန်းတော်သည် မင်းသားကလေးနှင့်အတူ ဘုရားအထံ ရောက်သောအခါ ''ရင်ခွင် ၌ရှိသော ဗောဓိမင်းသားသည် ဘုရား၊ တရား၊ သံဃာတော် ကို ကိုးကွယ်ပါ၏''ဟု လျှောက်ပြန်၏။ ဤဝတ္ထုကို ထောက်လျှင် ''ဂုဏ်တော်ကို မသိသော်လည်း သရဏဂုံယူသော ရှေးထုံးရှိ၏''ဟု သိနိုင်ပါသည်။

(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၉-၁၀)

**၁၅။ မေး။ ။ ''သရဏဂုံတည်သူ'' ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ပါလဲ။**

ဖြေ။ ။ ''သရဏ + ဂမန'' ဟူသော ပါဠိကို ''သရဏ + ဂုံ'' ဟု ခေါ်၏။ သရဏ = ကိုးကွယ်ရာဟူ၍ သိသောစိတ်ကို ''သရဏဂုံ'' ဟု ခေါ်၏။ မိမိမှာ ထိုသရဏဂုံစိတ်ရှိကြောင်းကို ထုတ်ဖော်ပြသော အားဖြင့် ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' စသည်ကို ဆိုရသည်။ ထိုစိတ် မပြောင်းသမျှ (ကိုးကွယ်ရာမဟုတ်ဟု အယူမပြောင်းသမျှ) ''သရဏဂုံ တည်သူ''ဟု ခေါ်၏။ ထိုသို့ သရဏဂုံတည်ခြင်း၏ အကျိုးကို သိဖို့ရာ အောက်ပါဝတ္ထုကို ပြောပါ။

(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၁၁)

http://www.dhammadownload.com



၁၆။ မေး။ ။ သရဏဂုံဆောက်တည်လို့ အကျိုးအမျိုးမျိုး ရပုံ ဝတ္ထုက ဘယ်လိုပါလဲ။

ဖြေ။ ။ အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူရာအခါ၌ မျက်မမြင် မိဘတို့ကို ပြုစုလုပ်ကျွေးနေသော လုလင်တစ်ယောက်သည် သရဏာဂုံ သုံးပါးကို တစ်သက်လုံး မပျက်အောင် ဆောက်တည်ခဲ့လေသည်။ ထိုလုလင်သည် ထိုဘဝမှ သေလွန်လျှင် သရဏာဂုံဆောက်တည်ထားသော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရလေသည်။ ထိုနတ်သားသည် ထိုဘဝမှစ၍ အပါယ်လေးပါး မလားရဘဲ နတ်မင်း စည်းစိမ် လူမင်းစည်းစိမ် အကြိမ်များစွာ ခံစား၍ ငါတို့ ဘုရားပွင့်တော်မူလာသောအခါ သာဝတ္ထိမြို့ဝယ် ဥစ္စာကြွယ်ဖြိုး သူဌေးမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ်သည် ကစားဖော်သူငယ်ချင်းများ၏ ရှေ့သွားခေါင်း ဆောင်ဖြစ်၍ အခါတစ်ပါး၌ ရဟန်းတော်များ၏ကျောင်းတိုက်သို့ ရောက်သွားလေရာ ရဟန္တာတစ်ပါးက သရဏာဂုံသုံးပါးကို ပေးလေလျှင် ရှေးရှေးက ဝါသနာပါလာသူဖြစ်၍ ခုနစ်နှစ်အရွယ်မှာပင် ရဟန္တာ ရဟန်းတော်ကလေး ဖြစ်ရလေသည်။

(သုဘူတိဝတ္ထု၊ သရဏာဂမနိယထေရအပဒါန်ပါဠိတော်)
(ဂုဇ္ဇဘာသာသင်ခန်းစာ စာအုပ်၊ စာ ၁၁)

၁၇။ မေး။ ။ ''သရဏာဂုံက စောင့်ရှောက်တယ်''လို့ ဆိုရာ ဘယ်လို စောင့်ရှောက်ပါသလဲ။

ဖြေ။ ။ ''သရဏာ''ဟူသော ပါဠိသည် မြန်မာလို ''ဒုက္ခကို ဖျောက် သုခရောက်အောင် စောင့်ရှောက်တတ်''ဟု အဓိပ္ပာယ်ပြ၏။

http://www.dhammadownload.com



ဘုရား တရား အရိယာသံဃာ ဟူသော ရတနာသုံးပါးကို ''သရဏ'' ဟု ဆိုသည်။ ဘုရားရှင်သည် ဓမ္မရတနာအခန်း၌ ပြခဲ့သော တရားတော်များကို ဟောတော်မူ၍ ကိုးကွယ်သူတို့အား ယခုဘဝ နောက်ဘဝ၌ ဒုက္ခကို ပယ်ဖျောက်၍ သုခရောက်အောင် စောင့်ရှောက်တော်မူ၏။ တရားတော်ကား မိမိကို ကျင့်သူအား ယခုဘဝ နောက်ဘဝ၌ ဒုက္ခကိုဖျောက် သုခရောက်အောင် စောင့်ရှောက်တော်မူ၏။ (ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ–တရားကျင့်သူကို တရားက ပြန်၍စောင့်ရှောက်၏။) အရိယာဖြစ်ပြီးသော သံဃာတော်များလည်း လယ်ယာမြေကောင်းပမာ ကောင်းမွန်စွာ ကျင့်၍လည်းကောင်း၊ တရားတော်ကို ဟောပြ၍ လည်းကောင်း၊ ကိုးကွယ်သူတို့အား အကျိုးများအောင် စောင့်ရှောက်တော်မူကြပေသည်။

(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၂၁၁)

**၁၈။ မေး။ ။ ''သရဏ–ကိုးကွယ်ရာ'' လို့ဆိုရာ ဘယ်လိုကိုးကွယ်ရာ ဖြစ်ပါသလဲ။**

ဖြေ။ ။ ''သရဏ'' ဟူသော ပါဠိသည် ''ကိုးကွယ်ရာ'' ဟုလည်း အဓိပ္ပာယ်ရ၏။ ဘုရား၊ တရား အရိယာသံဃာတော်များသည် လူတို့၏ **ကိုး** = (ဘေးရန်မရောက်အောင် စောင့်ရှောက်တတ်သော ကြောင့်) အားကိုးစရာလည်း ဖြစ်၏။ **ကွယ်** = (ဘေးရန်ပေါ်ပေါက်လာသောအခါလို ဘေးရန်ကို ကွယ်ကာစရာလည်း ဖြစ်၏။ ထို့ကြောင့် ပင် ရတနာသုံးပါးကို ယုံကြည်သူ ဥပါသကာ၊ ဥပါသိကာမတို့သည် လောကီဒုက္ခနှင့် တွေ့ရသောအခါ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နှလုံး

http://www.dhammadownload.com



သွင်းရှုလည်းကောင်း။ ဗုဒ္ဓစာပေများကို ကြည့်ရှုရွတ်လည်းကောင်း။ ထို ဒုက္ခမှ သက်သာနိုင်သမျှ သက်သာအောင် ကာကွယ်ရှောင်ကြဉ်လေသည်။ ထိုသို့ကာကွယ်သည့်အတွက် ထိုဒုက္ခ၏ သက်သာခြင်း။ ထိုဒုက္ခမှ လွတ်သင့်လျှင် လွတ်လာခြင်းသည် ရှေးက်လည်း ပါ၊ တရားတော်၏ အကျွယ်အကာလည်း ပါသောကြောင့်ပင် ဖြစ်၏။ သို့ရာတွင် ဘုရား၊ တရား၊ အရိယာသံဃာတော်များ၏ ဒုက္ခကို ကာကွယ်ခြင်းမှာ တကယ် လက်တွေ့ကျမှ ကာကွယ်ခြင်းထက် ဒုက္ခမရောက်မီက ထိုဒုက္ခမျိုး မရောက်ရအောင် ကြိုတင်၍ ကာကွယ်ခြင်းက လိုရင်းဖြစ်ပါသည်။ (ဤနေရာဝယ် ပရိတ်တရားတော်များ၏ ဘေးအန္တရာယ် ကာကွယ်ပုံ၊ မေတ္တာတရား၏ ဘေးအန္တရာယ် ကာကွယ်ပုံများကို စဉ်းစားကြ၊ ကြားနာကြပါလေ။)

(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၂၁၁)

၁၉။ မေး။ ။ ဥပါသကာဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ။

ဖြေ။ ။ ဥပ–ရတနာသုံးပါးအနီးသို့ ကိုယ်ဖြင့်လည်း ကပ်ရောက်၊ နှုတ်ဖြင့်လည်း ချီးကျူးပြောဆိုသောအားဖြင့် ကပ်ရောက်၊ စိတ်ဖြင့်လည်း အာရုံရောက်၍ + အာသက–နေတတ်သူ)

(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၂၁၁/ခ)

၂၀။ မေး။ ။ သရဏာဂုံစိတ်ဆိုတာ ဘယ်လိုစိတ်ပါလဲ။

ဖြေ။ ။ သရဏ–ကိုးကွယ်ရာဟူ၍ + ဂမန (ဂုံ)–သိသော စိတ်။

http://www.dhammadownload.com



"ဘုရား။ တရား အရိယာသံဃာတော်များသည် ကိုးကွယ်ရာ ဖြစ်ပေသည်"ဟု ယုံကြည်သော သဒ္ဓါ၊ သိသောဉာဏ်၊ ထိုနှစ်မျိုးလုံး ဖြစ်စေ၊ တစ်မျိုးဖြစ်စေ ပါရှိသောစိတ်ကို "သရဏဂမန"ဟု လည်း ကောင်း။ "သရဏဂုံ"ဟု လည်းကောင်း ခေါ်၏။ ထိုသရဏဂုံစိတ် မပျက်ဘဲ အမြဲတည်ရှိနေသော ဥပါသကာ၊ ဥပါသိကာမကို "သရဏဂုံ တည်သူ"ဟု ခေါ်သည်။ "မုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် မဆို သော်လည်း "သရဏဂုံတည်သူ"ဟုကား ဆိုနိုင်ပါပြီ။

ဥပမာ–"ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" ဟု မဆိုသော်လည်း သူ့အသက်မသတ်ဖို့ရာ ရှောင်ကြဉ်လျှင် ထိုသီလ ရှိသူ ဖြစ်သကဲ့သို့တည်း။

(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၂၁၁)

၂၁။ မေး။ ။ သရဏဂုံ ဆောက်တည်တယ်ဆိုတာ ဘာကို လုပ်ရတာပါလဲ။

ဖြေ။ ။ သီလကို ဆောက်တည်သကဲ့သို့ "မုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ပါဠိလိုဖြစ်စေ၊ "ဘုရားကို ကိုးကွယ်ပါ၏" စသည် ဖြင့် မြန်မာလို ဖြစ်စေ၊ (အခြားဘာသာစကားတစ်မျိုးမျိုးဖြင့်ဖြစ်စေ) ရွတ်ဆိုလိုက်ရသေး၏။ ထိုသို့ရွတ်ဆိုခြင်းကို "သရဏဂုံဆောက်တည် ခြင်း"ဟု ခေါ်၏။ သီလကို တစ်ကြိမ်တစ်ခါ ဆောက်တည်ထားလျှင် သီလမပျက်သမျှ အမြဲတည်သကဲ့သို့ သရဏဂုံကိုလည်း တစ်ကြိမ် ဆောက်တည်ထားလျှင် ယုံကြည်စိတ် မပျောက်သမျှ သရဏဂုံ မပျက် တော့ပါ။

(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၂၁၂)

http://www.dhammadownload.com



၂၂။ မေး။ ။ ဘာသာခြားဆရာကို ဆရာဖြစ်ဖူးရှိ ကန်တော့ရင် သရဏာဂုံ ပျက်ပါသလား။

ဖြေ။ ။ ရတနာသုံးပါးကို မယုံကြည်တော့ဘဲ အခြားဘုရားကိုဖြစ်စေ၊ နတ် စသည်ကိုဖြစ်စေ တကယ်ယုံကြည်ရှိ ကိုးကွယ်သော အခါ သရဏာဂုံ ပျက်၏။ သူတို့၏အယူကို ယုံကြည်မှုမရှိဘဲ ''ဆရာဖြစ်ဖူးရှိ ကန်တော့ခြင်း၊ လောကီအကျိုးတစ်မျိုးမျိုးကို ပေးလိမ့်မည်ထင်ရှိ ကိုးကွယ်ခြင်း'' စသည်တို့ကို ပြုသည့်အတွက်ကား သရဏာဂုံ မပျက်ပါ။

(ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်၊ စာ ၂၁)

၂၃။ မေး။ ။ သရဏာဂုံတည်သူဟာ နတ်ပြည် ရောက်နိုင်ပါသလား။

ဖြေ။ ။ အောက်ဆုံးထစ် သရဏာဂုံလောက်တည်ပြီး ဗုဒ္ဓသာသနာဝင် ဖြစ်တဲ့သူတွေလည်း နတ်ပြည်ရောက်တာက များများပါပဲ။ ဒါကြောင့် ပြဟ္မာကြီးတစ်ဦးက မြတ်စွာဘုရားထံမှာ သူ့ထင်မြင်ချက်ကို တင်ပြပါတယ်။ မြတ်စွာဘုရားကလည်း အဲဒီတင်ပြချက်ကို မပယ်ပါဘူး။

တင်ပြပုံကတော့ ...

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိ ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ တံ့။

http://www.dhammadownload.com



ယေ ကေစိ-အမှတ်မရှိ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂတာသေ-ဆည်းကပ်ကုန်၏။ တေ-မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ကြသော ထိုပုဂ္ဂိုလ်တို့သည်၊ အပါယဘူမိ-အပါယ်ဘုံသို့၊ န ဂမိဿန္တိ-မလားမရောက်ကြကုန်လတ္တံ့။ မာနုသံ ဒေဟံ-လူ့ဘဝ လူ့ခန္ဓာကို၊ ပဟာယ- စွန့်ရကုန်သည်ရှိသော်၊ ဒေဝကာယံ-နတ်အပေါင်းကို၊ ဝါ-နတ်ပြည်ကို၊ ပရိပူရေဿန္တိ-ပြည့်စေကြကုန်လတ္တံ့။

ဗုဒ္ဓမြတ်စွာဘုရားကို သံသရာတစ်လျှောက်လုံး ကောင်းစားရေးအတွက်ရော၊ သံသရာဆင်းရဲမှ လွတ်မြောက်ရေးအတွက်ရော၊ အားကိုးရာအစစ် အမြတ်ဆုံးအနေဖြင့် ကိုးကွယ်ဆည်းကပ်နေတဲ့ ပုဂ္ဂိုလ်ဟာ သရဏဂုံတည်တဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်ဖြစ်တယ်။ ဗုဒ္ဓတရားကို ကိုးကွယ်ရင် တရားတော်နဲ့ သံဃာတော်လည်း ကိုးကွယ်တာပါပဲ။ အဲဒီလို ဘုရားအစစ်ကို ကိုးကွယ်နေတဲ့သူဟာ အပါယ်လေးပါးကို မကျရောက်နိုင်ဘူး။ ရုပ်ကိုယ်ကြီးက အိုလို့ နာလို့ ဖြစ်စေ၊ ဘေးဒဏ်သင့်လို့ ဖြစ်စေ ပျက်စီးသွားတဲ့အခါ အဲဒီရုပ်ကိုယ်ကြီးကို စွန့်ပြီး ဘဝတစ်ပါး ပြောင်းသွားကြရတယ်။ အဲဒီလို ရုပ်ကိုယ်ကြီးကို စွန့်ရတဲ့အခါမှာ နတ်ပြည်ကို ရောက်ပြီးတော့ နတ်ဦးရေကို တိုးစေတယ်၊ နတ်ပြည်ကို ပြည့်စေပါတယ်တဲ့။ သရဏဂုံတည်တဲ့ အမျိုးသားတစ်ယောက် သေသွားရင် နတ်ပြည်မှာ ဘုန်းကံနဲ့ ပြည့်စုံတဲ့ နတ်သားတစ်ယောက် တိုးသွားတယ်။ အမျိုးသမီးတစ်ယောက် သေသွားရင် နတ်သမီးတစ်ယောက် တိုးသွားတယ်။ ငါးပါးသီလပြည့်စုံရင်တော့ သေတဲ့အခါ နတ်ပြည်ရောက်ဖို့ ပိုပြီး သေချာတာပဲ။

(မဟာစည်-သက္ကပဉ္ဉသုတ်တရားတော်၊ စာ ၅၉-၆၀)

http://www.dhammadownload.com



**၂၄။ မေး။ ။ နတ်ကို ရှိခိုးပူဇော်လို့ သရဏဆုံ ပျက်ပါသလား။**

ဖြေ။ ။ တစ်စုံတစ်ခုသော လာဘ်ကို မြော်ရှုလည်းကောင်း၊ ဘေးရန်ကို ကာကွယ်လိမ့်မည်ဟု ထင်ရှုလည်းကောင်း နတ်ကို ရှိခိုး ပူဇော်မှုကြောင့် မူလရှိပြီးသော သရဏာဂုံ မပျက်ပါ။

(သီလက္ခန်ဘာသာဋီကာ၊ တတိယတွဲ၊ စာ ၂၄၇)

**၂၅။ မေး။ ။ နတ်ကို ဘယ်လိုကိုးကွယ်ရင် သရဏဆုံ ပျက်ပါသလဲ။**

ဖြေ။ ။ နတ်ကို ကိုးကွယ်ရာ၌ ရတနာသုံးပါးထက်ပင် မြတ်သည်ဟု သဘောထား၍ ကိုးကွယ်လျှင် သရဏာဂုံပျက်၏ ဟုလည်း မှတ်ပါ။

(သီလက္ခန်ဘာသာဋီကာ၊ တတိယတွဲ၊ စာ ၂၄၇)

**၂၆။ မေး။ ။ ဒေဝတာဗလိ၊ ဗလိနတ်စာဆိုတာ ဘယ်လိုဟာပါလဲ။ ဗလိ ဘယ်နှစ်မျိုး ရှိပါသလဲ။**

ဖြေ။ ။ ဗလိ–ဟူသည် ပူဇော်ဖွယ် ပေးကမ်းဖွယ် ဝတ္ထု တည်း။ အဂုံတ္တရ (ပ–၃၇၉)၌...

(၁) ဉာတိဗလိ၊ ဆွေမျိုးတို့အား ပေးကမ်းဖွယ်။

(၂) အတိထိဗလိ၊ ည့ဉ်သည်တို့အား ပေးကမ်းဖွယ်။

(၃) ပုဗ္ဗပေတဗလိ၊ ကွယ်လွန်သူ ဆွေမျိုးတို့အဖို့ ပေးကမ်းဖွယ်။

(၄) ရာဇဗလိ၊ မင်းအား ပြုရမည့် အခွန်ပဏ္ဏာ စသော ပေးကမ်းဖွယ်။

http://www.dhammadownload.com



(၅) ဒေဝတာဗလိ၊ နတ်တို့အတွက် ပြုရမည့် ပူဇော်ပေးကမ်း ဖွယ် ဟု ငါးမျိုး လာ၏။

ဗလိဟူသည် ထိုထိုဆွေမျိုး စသည်တို့အား သင့်လျော်သော ပေးကမ်းရမည့် ဒါန၏အမည်ဖြစ်ကြောင်း အဂုံတွင်ရှေ့ကထာ၌ ဖွင့်၏။ ဤ၌ ဗလိအရ နတ်တို့အား ပူဇော်ဖွယ်ဝတ္ထုဟူသော ဒေဝတာဗလိ ကိုယူ၊ ငှင်းကိုပင် ဗလိနတ်စာဟု ပြန်ရိုးပြုခဲ့ကြသည်။

**"ဆွေမျိုး ဧည့်ဟူ၊ မျိုးကွယ်သူ၊ မင်းမူ နတ်များ။**
**ဗလိငါး၊ မှတ်သားအပ်စဖွယ်။**

(သပြေကန်ပရိတ်ကြီးနိဿယ၊ စာ ၂၄၇)

၂၇။ မေး။ ။ နတ်များကို ပူဇော်ထိုက်ပါသလား။

ဖြေ။ ။ စတုက္က ပဉ္စကအဂုံတွင်ရ၌ မိမိကြိုးစားရရှိထားသော ပစ္စည်းများဖြင့် ဗလိငါးမျိုးပြုခြင်းကို စည်းစိမ်ဥစ္စာရယူခြင်း အကြောင်း တစ်ရပ်အဖြစ် ဟောတော်မူခဲ့၏။ ပဉ္စဂုံတွင်၌ အမျိုးသားတို့၏ တိုးတက် ကြီးပွားကြောင်း၊ မဆုတ်ယုတ်ကြောင်းတရား ငါးပါးဟောရာ၌ နတ်များ ကို ပူဇော်ပ,သခြင်းလည်း တစ်ပါးပါဝင်သည်။ (ပဉ္စက-၆၈)နတ်များ ပူဇော်ခြင်းကို လောကကြီးပွားရေးတစ်ရပ်အဖြစ် ဘုရားရှင် အလိုရှိ သည်မှာ သိသာပေသည်။ နတ်ရှိသည်ဟု ယုံကြည်သူများအဖို့ နတ် များကား သတ္တဝါတစ်မျိုးပင် ဖြစ်၏။ လူတို့၌ ရှိခိုးထိုက်သူ မထိုက်သူ ရှိသကဲ့သို့ နတ်များ၌လည်း ရှိခိုးထိုက်, မထိုက် နှစ်မျိုးရှိရာ၏။ ငှင်း တို့ကို သတိရစွာ အစာအာဟာရ စသည် ပေးကမ်းပ,သခြင်း၊ အမျှ အတန်းဝေခြင်း စသည်ကို ပြုအပ်သည်သာ။ လူများ အချင်းချင်း

http://www.dhammadownload.com



ပေးကမ်းထောက်ပံ့လျှင် အခါခပ်သိမ်း မကူညီနိုင်စေကာ ၎င်းတို့ တတ်နိုင်သောအခါ အကူအညီရသကဲ့သို့ နတ်များလည်း အရာခပ်သိမ်း ပေးစွမ်းနိုင်သည် မဟုတ်စေကာမူ သူတို့တတ်နိုင်သော အရာကိုကား ကူညီစောင့်ရှောက်တတ်၏။ အချို့ အကူအညီခံရသူများကို ဇာတ်နိပါတ်များအရ လည်းကောင်း၊ လောကအတွေ့အကြုံများအရ လည်းကောင်း သိနိုင်သည်။

ယသ္မိ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။
ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ သြရသံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။

(ဝိနယမဟာဝဂ္ဂ၊ ဘေသဇ္ဇက္ခန္ဓက - ၃၂၄)

ပဏ္ဍိတဇာတိယော၊ ပညာရှိပုဂ္ဂိုလ်မျိုးသည်။ ယသ္မိ ပဒေသေ၊ အကြောင်အရပ်၌၊ ဝါသံ၊ နေခြင်းကို။ ကပ္ပေတိ၊ ပြု၏။ တတ္ထ၊ ဤမိမိ နေရာအရပ်၌။ ဗြဟ္မစာရယော၊ မြတ်သောအကျင့်ကို ကျင့်ကြကုန်သော။ သညတေ၊ ဤနွေတို့ကို ရှိန်သေအောင်သတ် စောင့်စည်းအပ်ပြီးကုန်သော။ သီလဝန္တေ၊ သီလရှိသူအရှင်တို့ကို။ ဘောဇေတွာ၊ ဆွမ်းကျွေး၍။ တတ္ထ၊ ထိုအရပ်၌။ ယာ ဒေဝတာ၊ အကြောင်နတ်တို့သည်။ အာသုံ၊ ရှိနေကုန်၏။ တာသံ၊ ထိုနတ်တို့အား။ ဒက္ခိဏံ၊

http://www.dhammadownload.com



အလှူကို။ အာဒိသေ၊ ရည်ညွှန်းဖော်ကာ အမျှဝေရာ၏။ ပူဖိတာ၊ အပူဖော်ခံကြရကုန်သော။ တာ၊ ထိုနတ်တို့သည်။ နံ၊ ထိုမိမိကို ပူဖော်သူကို။ ပူဇေါ်၌ တုံ့လှည့်တဖန် ပူဖော်ကြပြန်ကုန်၏။ မာနိတာ၊ မြတ်နိုးခံကြရကုန်သော။ တာ၊ ထိုနတ်တို့သည်။ နံ၊ ထိုမိမိအား မြတ်နိုးသူကို။ မာနေန်၌ ပြန်လည်မြတ်နိုးကြလေကုန်၏။ တတော၊ ထို့ကြောင့်။ နံ၊ ထိုမိမိကို ပူဖော်မြတ်နိုးသူကို။ မာတာ၊ မိခင်သည်။ သြရသံ ပုတ္တံ၊ ရင်၌မွေးဖွား သားအရင်းကို။ အနုကမ္ပတိ ကုဝ၊ အစဉ်စောင့်ရှောက်ဘိသကဲ့သို့။ အနုကမ္ပန်၌ အစဉ်စောင့်ရှောက်ကြလေကုန်၏။ ဒေဝတာ အနုကမ္ပိတော၊ နတ်တို့အစောင့်အရှောက်ကို ခံရသော။ ပေါသော၊ လူသားသည်။ သဒါ၊ အခါခပ်သိမ်း။ ဘဒြာနိ၊ ကောင်းမြတ်သော အာရုံတို့ကို။ ပသတိ၊ ကြုံတွေ့ရပေ၏။

(သပ္ပြေကန်ပရိတ်ကြီးနိဿယ၊ စာ ၂၄၀-၂၄၃)

၂၈။ မေး။ ။ နတ်များအပေါ် အလွန်အကျွံ ပုံပြီး ယုံအပ်ပါသလား။

ဖြေ။ ။ ဘာမဆို ကဲ့ကို ယုံပြီး ပုံထားသူများကဲ့သို့ နတ်ကို ယုံပြီး ပုံမှုမျိုးကိုကား မပြုအပ်။ ရတနာသုံးပါးအပေါ်၌ အာရုံပြုလွန်းလေကောင်းလေ ဖြစ်သော်လည်း နတ်များအပေါ်၌ အလွန်အကျွံ ပုံ၍ ယုံခြင်းမျိုး, နတ်ရူးရူးသည် ဆိုရလောက်အောင် ဖြစ်မှုမျိုးကား မလိုလားအပ်ပေ။ အချို့ ဘုရားကို ဆွမ်းတော်တင်ရန်ကား သတိမရ။ နတ်ပွဲကိုမူကား ငှက်ပျောသီး မနွမ်းစေရအောင် တရိတသေ တယုတယ ပြုစုပ,သကြ၏။ ဘုရားထက် ပို၍ ရိုသေလေးစားသော ပူဖော်မှု

http://www.dhammadownload.com



များကား မိမိ၏ ပုဒ္ဓဘာသာ မပီသမှုကို ဖော်ပြခြင်းဖြစ်ရာ ထိုအမှုမျိုးကို ရှောင်ရှားရန် သတိပြုဖို့ လိုအပ်ပေသည်။

(သပြေကန်ပရိတ်ကြီးနိဿယ၊ စာ ၂၄၉)

**၂၉။ မေး။ ။ နေကို ရှိခိုးရင် သရဏာဂုံ ပျက်ပါသလား။**

ဖြေ။ ။ ဘုရားလောင်းရွှေဥဒေါင်းမင်း၏ နေကို ရှိခိုးခြင်းမှာ မိစ္ဆာအယူ ဖြစ်သည်ဟု ဆိုကာ ဤပရိတ်ကို အချို့ လက်မခံလိုကြ။ နေရောင်ကြောင့် သစ်ပင် စသော သက်မဲ့ဝတ္ထုများ၊ လူ စသော သက်ရှိသတ္တဝါများ အသက်ရှင်ကြ ကြီးပွားကြရ၏။ နေရောင်ခြည် မာတ် မရလျှင် ထိုသို့ ကြီးပွားမှု မရှိနိုင်။ နေကား လောကကို အကျိုးပြုကာ စောင့်ရှောက်လျက်ရှိ၏။ ''တယာဇ္ဇ ဂုတ္တာ'' စသည်မှာ ဤအချက်များကို ရည်ကာ ဆိုခြင်း ဖြစ်ဖွယ်ရှိ၏။ ထို့ကြောင့် ရွှေဥဒေါင်းမင်းသည် လောကရေးအတွက် အားကိုးတစ်ခုအနေအားဖြင့် နေကို ရှိခိုး၏။ ထို့နောက် သံသရာရေး ဓမ္မရေးအတွက် ဘုရားနှင့် တရားတော်များကို ရှိခိုးသည်။ သရဏာဂုံတည်ပြီးသူသည် ရတနာသုံးပါးမှတစ်ပါး အခြား တိတ္ထိ၊ မင်း စသည်ကို ဝတ္ထုရားအရဖြစ်စေ၊ ဆရာဖြစ်သောကြောင့်ဖြစ်စေ၊ ကြောက်ကြ၍ဖြစ်စေ ရှိခိုးသော်လည်း သရဏာဂုံမပျက်ဟု အဋ္ဌကထာတို့၌ ဆို၏။ ထို့ကြောင့် ဘုရားရှင်များကို အားထားရှိခိုးနေသော ဥဒေါင်းမင်းမှာ လောကရေးအတွက် အားကိုးတစ်ခုပြုကာ နေကို ရှိခိုးသော်လည်း ၎င်းအဖို့ သရဏာဂုံ မပျက်၍ မိစ္ဆာအယူသက်သည်ဟု ဆိုဖွယ်မရှိ။ ထို့ကြောင့် ဤအချက်မျှဖြင့် ဤဥဒေါင်းမင်းပရိတ်အပေါ် ယုံကြည်ကိုးစားချက် မပျက်သင့်ပေ။

(သပြေကန်ပရိတ်ကြီးနိဿယ၊ စာ ၄၂၇)

http://www.dhammadownload.com



၃၀။ မေး။ ။ သရဏဂုံနဲ့စပ်ပြီး မှတ်ဖွယ် ဘယ်နှစ်မျိုးရှိပါလဲ။

ဖြေ။ ။

(က)သရဏ = ကိုးကွယ်ရာ

(ခ) သရဏဂုံ = ကိုးကွယ်ရာဟု သိသော စိတ် စေတသိက်

(ဂ) သရဏဂုံတည်သူ

(ဃ)သရဏဂုံအပြား

(င) သရဏဂုံ၏အကျိုး

(စ) သရဏဂုံ၏ ညစ်နွမ်းခြင်း

(ဆ)သရဏဂုံ၏ ပျက်စီးခြင်း

ဤခုနစ်ပါးကို နားလည်သင့်၏။

(ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်၊
စတုတ္ထတွဲ၊ စာ ၆၉၄)

၃၁။ မေး။ ။ သရဏအရက ဘာတွေပါလဲ။ ဘာအကြောင်းတွေ
ကြောင့် သရဏ မည်ပါသလဲ။

ဖြေ။ ။ ထိုခုနစ်ပါးတို့တွင် ဘုရား တရား သံဃာ = ရတနာမြတ် သုံးပါးအပေါင်းသည် (သရတိ ဟိ သတိတိ သရဏံ– ဟူသော ဝစနတ္ထ အရ) ကိုးကွယ်ဆည်းကပ် သရဏဂုံတည်သူ ဟူဟူ သမျှတို့၏ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ အပါယ်ဘုမ္မဒုဂ္ဂတိ၌ ညစ်နွမ်းပင်ပန်း ဆင်းရဲရခြင်း အမျိုးမျိုးကို ပယ်ဖျောက်တတ်သောကြောင့် သရဏ မည်၏။ တစ်နည်းကား မြတ်စွာဘုရားရှင်သည် အစီးအပွား (=ချမ်းသာကြောင်းတရား)၌

http://www.dhammadownload.com



ဖြစ်စေခြင်းဖြင့်လည်းကောင်း၊ အစီးအပွားမဲ့ (=ဆင်းရဲကြောင်းတရား)မှ တားမြစ်ခြင်းဖြင့်လည်းကောင်း သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တော်မူတတ်၏။ တရားတော်သည် ဘဝခရီးခဲမှ လွတ်မြောက်စေသောအားဖြင့်လည်းကောင်း၊ သက်သာရာကို ပေးသောအားဖြင့်လည်းကောင်း သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တော်မူတတ်၏။ သံဃာတော်သည် အနည်းငယ်မျှသော ကောင်းမှုများ၏ သော်မှလည်း ပြန့်ပြောကြီးကျယ်သောအကျိုးကို ရအောင် ပြုတတ်သောအားဖြင့် သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တော်မူတတ်၏။ ထို့ကြောင့် ရှေးဆိုအပ်ပြီးသော ဝစနတ္ထအရ ဘုရား၊ တရား၊ သံဃာ = ရတနာမြတ်သုံးပါးသည် သရဏ မည်၏။ (သရဏ = သတ္တဝါတို့၏ ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမှန်သုံးပါးဟု ဆိုလိုသည်။)

(မဟာဗုဒ္ဓဝင်၊ စာ ၆၉၅)

**၃၂။ မေး။ ။ ဘာတရားတွေက သရဏဂုံ မည်ပါသလဲ။**

ဖြေ။ ။ ထိုရတနာသုံးပါး၌ ကြည်ညိုခြင်း၊ ထိုရတနာသုံးပါး၌ အလေးပြုခြင်းတို့ဖြင့် ညစ်ညူးကြောင်း အကုသိုလ်တရားတို့ကို ပယ်ရှားလျက် ထိုရတနာသုံးပါး၌ ညွတ်ကိုင်းရှိုင်းသော အခြင်းအရာဖြင့် ဖြစ်သော မဟာကုသိုလ်စိတ် စေတသိက် (ရဟန္တာတို့အဖို့ရာ)၊ မဟာကြိယာစိတ် စေတသိက်၊ (မဂ္ဂင်အရိယာတို့အဖို့ရာ) မဂ်စိတ်စေတသိက် = ဤတရားစုသည် သရဏဂုံ မည်၏။ (သရဏန္တိ ဂစ္ဆတိ အနေနာတိ သရဏဂမန်။ အနေန = ဤစိတ်စေတသိက်ဖြင့်။ သရဏန္တိ = ဘေး

http://www.dhammadownload.com



ဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမှန်သုံးပါး ဟူ၍။ ဂစ္ဆတိ = သိတတ် ဆည်းကပ်တတ်၏။ ကွတိ တသ္မာ = ထိုသို့ သိကြောင်း ဆည်းကပ်ကြောင်း ဖြစ်သောကြောင့်။ တံ = ထို စိတ်စေတသိက် တရားအစုသည်။ သရဏ ဂမနံ = သရဏဂမန မည်၏။ သရဏဂမနံ = ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမှန်သုံးပါးဟူ၍ သိကြောင်း ဆည်းကပ်ကြောင်းဖြစ်သော စိတ်စေတသိက်တရားအစု။ ဤကဲ့သို့ ဝိဂြိုဟ်ပြုရာ၏။)

(မဟာဗုဒ္ဓဝင်၊ စာ ၆၉၅)

၃၃။ မေး။ ။ သရဏဂုံတည်သူဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ။

ဖြေ။ ။ စိတ်စေတသိက်တရားအစုနှင့် ပြည့်စုံသောသူသည် သရဏဂုံတည်သူ မည်၏။ (သရဏံဂတ = ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမှန်သုံးပါးဟူ၍ သိတတ်သောသူ၊ ဝါ– သိသောစိတ် စေတသိက်တရားအစုနှင့် ပြည့်စုံသောသူဟူ၍ ဆိုလိုသည်။)

(မဟာဗုဒ္ဓဝင်၊ စာ ၆၉၆)

၃၄။ မေး။ ။ သရဏဂုံ ၂ မျိုးက ဘာပါလဲ။

ဖြေ။ ။ သရဏဂုံသည် . . .

(၁) လောကုတ္တရာသရဏဂုံ

(၂) လောကီသရဏဂုံ

ဟူ၍ နှစ်ပါးအပြားရှိ၏။

(မဟာဗုဒ္ဓဝင်၊ စာ ၆၉၆)

http://www.dhammadownload.com



၃၅။ မေး။ ။ လောကုတ္တရာသရဏဂုံက ဘာပါလဲ။

ဖြေ။ ။ လောကုတ္တရာသရဏဂုံဟူသည် မဂ်စိတ်စေတသိက်တို့ကို ခေါ်သည်။ ယင်းမဂ် စိတ်စေတသိက်တို့သည် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ကြရာ သရဏဂုံညစ်ညူးကြောင်း ဥပက္ကိလေသအကုသိုလ်တရားတို့ကို အကြွင်းမထား အမြစ်ပြတ် ပယ်သတ်လျက် ဖြစ်ကြလေသည်။ ထိုသို့ ဖြစ်သဖြင့်ပင် ထိုစိတ်စေတသိက်တို့က ရတနာသုံးပါးကို အာရုံပြု၍မဖြစ် (နိဗ္ဗာန်ကိုသာ အာရုံပြု၍ဖြစ်) သော်လည်း ရတနာသုံးပါး၏ ဝတ္ထုမှန်အဖြစ်ကို သိခြင်းကိစ္စ ပြီးပြီးသားဖြစ်လေသည်။ ယင်းသို့ သိခြင်းကိစ္စ ပြီးပြီးသားဖြစ်သည်ကိုပင် ကိစ္စသိဒ္ဓိအားဖြင့် ရတနာသုံးပါး၏ ဝတ္ထုမှန် အဖြစ်ကို သိသည်ဟု ခေါ်ဆိုသည်။ ထိုကိုပင် ''မဂ်ခဏ၌ လောကုတ္တရာ သရဏဂုံ ပြည့်စုံသည်''ဟု ဆိုသည်။ ဥပမာအားဖြင့်-''မဂ်ခဏဝယ် သစ္စာလေးပါးတရားကို သိ၏''ဟု ဆိုရာ၌ မဂ်စိတ်ဖြစ်သောအခါ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကို အာရုံပြုသောအားဖြင့် သိ၏= အာရုံပြု၍ သိ၏။ ကျန်သောသစ္စာသုံးပါး အတွက်မှာမူ မဂ်စိတ္တုပ္ပါဒ်သည် ဖြစ်ပေါ်လာသောအခါ သစ္စာလေးပါးကို ဖုံးလွှမ်းပိတ်ကွယ်တတ်သော မောဟအမိုက်ကို အကြွင်းမထား အမြစ်ပြတ် ပယ်သတ်ပစ်လိုက်သည်။ ထိုသို့ပယ်သတ်သဖြင့် ထိုအရိယာပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း မသိသော မောဟ၊ သမုဒယသစ္စာကို သမုဒယသစ္စာမှန်း မသိသော မောဟ၊ နိရောဓသစ္စာကို နိရောဓသစ္စာမှန်း မသိသော မောဟ = ဤသစ္စာလေးပါးကို ဖုံးလွှမ်းပိတ်ကွယ်တတ်သော အဝိဇ္ဇာမောဟတရား အမြစ်ပြတ် ကင်းရှင်းသွားသောကြောင့် ထိုအရိယာပုဂ္ဂိုလ်သည် ကျန်သော သစ္စာ

http://www.dhammadownload.com



သုံးပါးတို့ကို အာရုံမပြု (နိဗ္ဗာန်ကိုသာ အာရုံပြု)သော်လည်း ထိုကျန်သော သစ္စာသုံးပါးတို့ကို သိခြင်းကိစ္စ ပြီးပြီးသူ ဖြစ်လေတော့သည်။ ယင်းသို့ သိခြင်းကိစ္စ ပြီးပြီးသား ဖြစ်သည်ကိုပင် ''ကိစ္စသိဒ္ဓိအားဖြင့် ကျန်သောသစ္စာသုံးပါးတို့ကိုလည်း သိ၏''ဟု ခေါ်ဆိုရသကဲ့သို့တည်း။ နက်နဲဘိစ္စ၊ သိသာအောင် ဆင်ခြင် အထပ်ထပ် စဉ်းစားကြလေ)။

(မဟာဗုဒ္ဓဝင်၊ စာ ၆၉၇)

**၃၆။ မေး။ ။ လောကီသရဏာဂုံဆိုတာ ဘာတွေပါလဲ။**

ဖြေ။ ။ လောကီသရဏဂုံသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ သရဏဂုံ ညစ်ညူးကြောင်း ဥပက္ကိလေသ အကုသိုလ်တရားတို့ကို ပယ်ခွာသောအားဖြင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို အာရုံပြု၍ ဖြစ်ရှိ ပြည့်စုံ၏။ ထိုသရဏဂုံသည် တရားကိုယ်အားဖြင့် ဘုရားအစရှိသော ရတနာသုံးပါး ဝတ္ထုမှန်တို့၌ သဒ္ဓါတရားကို ရရှိခြင်း၊ သဒ္ဓါတရားလျှင် အရင်းခံရှိသော သမ္မာဒိဋ္ဌိ = ပညာစေတသိက်ပင်တည်း။ ပုညကိရိယာ ဝတ္ထုဆယ်ပါးတို့တွင် ဒိဋ္ဌုဇုကမ္မ ဟူ၍ ခေါ်ဆိုအပ်လေသည်။

ဤ၌ သဒ္ဓါတရားကိုလည်း သရဏဂုံ ဟူ၍ ခေါ်ဆို၏။ သဒ္ဓါ၊ ပညာ = နှစ်ပါးစုံကိုလည်း သရဏဂုံ ဟူ၍ ခေါ်ဆို၏။

(မဟာဗုဒ္ဓဝင်၊ စာ ၆၉၇)

**၃၇။ မေး။ ။ လောကီသရဏာဂုံက ဘယ်နှစ်မျိုး ရှိပါသလဲ။**

ဖြေ။ ။ လောကီသရဏဂုံသည်...

http://www.dhammadownload.com



လောကီသရဏာဂုံသည်...

(၁) အတ္တသန္ဓိယျာတနသရဏာဂုံ = မိမိကိုယ်ကို ရတနာသုံးပါး အား အပ်နှင်းသော အခြင်းအရာအားဖြင့် ဖြစ်သော သရဏာဂုံ။

(၂) တပ္ပရာယဏသရဏာဂုံ = ရတနာသုံးပါး၌ လဲလျောင်း ညွတ်ကိုင်းရှိုင်းသော အခြင်းအရာအားဖြင့် ဖြစ်သော သရဏာဂုံ။

(၃) သိဿဘာဂူပဂမနသရဏာဂုံ = တပည့်အဖြစ်သို့ ကပ် ရောက်သော အခြင်းအရာဖြင့် ဖြစ်သော သရဏာဂုံ။

(၄) ပဏိပါတသရဏာဂုံ = ရတနာသုံးပါး၌ အလွန်အမင်း အရှိ အသေပြုသော အခြင်းအရာအားဖြင့်ဖြစ်သော သရဏာဂုံ။ ဟူ၍ လေးပါးဖြစ်ပြန်သည်။

(မဟာဗုဒ္ဓဝံ၊ စာ ၆၉၇)

၃၈။ မေး။ ။ လောကီသရဏာဂုံ ၄ မျိုးက ဘာတွေပါလဲ။

ဖြေ။ ။ ထိုလေးပါးတို့တွင်...

(၁) "အဇ္ဈာဒိ" ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ = ငါသည် ယနေ့ကစ၍ မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းပေးလှူပါ၏။ တရားတော် အား အပ်နှင်းပေးလှူပါ၏။ သံဃာတော်အား အပ်နှင်းပေးလှူပါ၏" ဤကဲ့သို့ မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းလှူဒါန်းသော အခြင်း အရာဖြင့်ဖြစ်သော သရဏာဂုံသည် အတ္တသန္ဓိယျာတနသရဏာဂုံမည်၏။

http://www.dhammadownload.com



(၂) ''အဇ္ဈာဒိ ကတွာ အဟံ ဗုဒ္ဓပရာယဏော ဓမ္မပရာယဏော သံဃပရာယဏောတိ မံ ဓာရေထ = ငါသည် ယနေ့ကစ၍ မြတ်စွာဘုရား၊ တရားတော်၊ သံဃာတော်သာလျှင် လဲလျောင်း ကိုင်းညွှတ် ရာရှိသူဖြစ်၏ ဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့''ဟု ဤကဲ့သို့ ရတနာသုံးပါး၌ လဲလျောင်းညွှတ်ကိုင်းသော အခြင်းအရာအားဖြင့် ဖြစ်သော သရဏဂုံသည် တပွရာယဏသရဏဂုံ မည်၏။

(၃) ''အဇ္ဈာဒိ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ အန္တေဝါသိကော၊ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ = ငါသည် ယနေ့ကစ၍ မြတ်စွာဘုရား၊ တရားတော်၊ သံဃာတော်၏ အန္တေဝါသိက တပည့်ရင်းဖြစ်သူ ဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့''ဟု ဤကဲ့သို့ ရတနာသုံးပါး၏ တပည့်အဖြစ်ကို ခံယူသောအခြင်းအရာဖြင့် ဖြစ်သော သရဏဂုံသည် သိဿဘာဂူပဂမန သရဏဂုံ မည်၏။

ဤ၌ မဟာဇနကဇာတ်တော်ဝယ် အသက်မဲ့ဖြစ်သည့် အသီးသီးသော သရက်ပင်၊ အသီးမသီးသော သရက်ပင် နှစ်မျိုးကိုပင် အလောင်းတော် မဟာဇနကမင်းသားသည် မိမိ၏ဆရာအဖြစ်ဖြင့် ''ဖလော အမ္ဘော အဖလော စ၊ တေ သတ္ထာရော ဥဘော မမ''ဟု ညွှန်ပြပြောဆိုတော်မူသကဲ့သို့ တရားတော်က အစီးအပွားရရှိအောင် ညွှန်ပြသကဲ့သို့ဖြစ်သောကြောင့် တရားတော်ကို ဆရာအနေဖြင့်လည်းကောင်း၊ မိမိကိုယ်ကို တပည့်အနေဖြင့်လည်းကောင်း ပြောဆိုအပ်လေသည်။

(၄) ''အဇ္ဈာဒိ ကတွာ အဟံ အဘိဝါဒနပစ္စုဋ္ဌာနအဉ္ဇလိကမ္မ သာမီစိကမ္မံ ဗုဒ္ဓါဒိနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမီတိ မံ ဓာရေထ=

http://www.dhammadownload.com



အကျွန်ုပ်သည် ယနေ့ကစ၍ ဘုရား၊ တရား၊ သံဃာ = ရတနာသုံးပါး တို့အားသာလျှင် ရိုသိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းအမှုကို ပြုလုပ်သောသူဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့''ဟု ဤကဲ့သို့ ဘုရား အစရှိသော ရတနာသုံးပါးတို့၌ အလွန်အမင်း အရိုအသေပြုသော အခြင်းအရာဖြင့်ဖြစ်သော သရဏဂုံသည် ပဏိပါတသရဏဂုံ မည်၏။ (ပါဏိပါတ–မဟုတ်)။

ဤဖော်ပြရာပါ အခြင်းအရာလေးပါးတို့တွင် တစ်ပါးပါးသော အခြင်းအရာကို ပြုလုပ်သောသူသည် သရဏဂုံခံယူအပ်သည် မည်၏။

(မဟာဗုဒ္ဓဝံ၊ စာ ၆၉၇)

၃၉။ မေး။ ။ အတ္တ သန္နိယျာတနသရဏဂုံဆိုတာ ဘာပါလဲ။

ဖြေ။ ။ ''ဘဂဝတော အတ္တာနံ ပရိစ္စဇာမိ''–အစရှိသည်ဖြင့် = ငါသည် မိမိကိုယ်ကို မြတ်စွာဘုရားအား စွန့်လှူပါ၏။ တရားတော်အား စွန့်လှူပါ၏။ သံဃာတော်အား စွန့်လှူပါ၏၊ ဟူ၍ဖြစ်စေ၊ ငါသည် မိမိအသက်ကို ရတနာသုံးပါးအား စွန့်လှူပါ၏၊ ဟူ၍ဖြစ်စေ၊ ငါ၏ ကိုယ်ကို ရတနာသုံးပါးအား စွန့်လှူအပ်ပြီးသာလျှင်ဖြစ်၏၊ ဟူ၍ဖြစ်စေ၊ ငါ၏အသက်ကို ရတနာသုံးပါးအား စွန့်လှူအပ်ပြီးသာလျှင်ဖြစ်၏၊ ဟူ၍ဖြစ်စေ၊ ငါသည် အသက်ထက်ဆုံး မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သိရှိပါ၏။ တရားတော်ကို (ပ)သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သိရှိပါ၏၊ ဟူ၍ဖြစ်စေ၊ မြတ်စွာဘုရားသည်, တရားတော်သည်, သံဃာတော်သည် ငါ၏ ကိုးကွယ်

http://www.dhammadownload.com



လဲလျောင်း ပုန်းအောင်းရာဖြစ်၏ ဟူ၍ဖြစ်စေ ဤကဲ့သို့ မြွက်ဆို၍ မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းစွန့်လွှတ်သော အခြင်းအရာဖြင့် ဖြစ်သည့် အတ္တသန္နိယျာတနသရဏာဂုံ ဖြစ်၏။

(မဟာဗုဒ္ဓဝင် စာ ၆၉)

၄၀။ မေး။ ။ တပ္ပရာယဏသရဏာဂုံဆိုတာ ဘာပါလဲ။

ဖြေ။ ။ ရှေးဖော်ပြရာပါ အာဠဝကသုတ်, ဟေမဝတသုတ် တို့၌ လာရှိသည့်...

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္မုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။
(ဟူ၍လည်းကောင်း)။

တေ မယံ ဝိစရိဿာမ၊ ဂါမာ ဂါမံ နဂါ နဂံ။
နမဿမာနာ သမ္မုဒ္ဓံ၊ ဓမ္မ ဿ စ သုဓမ္မတံ။
(ဟူ၍လည်းကောင်း)။

ဤသို့လည်း အာဠဝကဘီလူး, ဟေမဝတနတ်မင်း, သာတာဂိရိ နတ်မင်းတို့၏ သရဏာဂုံကဲ့သို့ ရတနာသုံးပါး၌ လဲလျောင်းညွတ်ကိုင်းသော အခြင်းအရာဖြင့်ဖြစ်သော တပ္ပရာယဏသရဏာဂုံသည် ဖြစ်၏။

(မဟာဗုဒ္ဓဝင် စာ ၆၉)

http://www.dhammadownload.com



၄၁။ မေး။ ။ သီသဿဘာဂူပဂမနသရဏဂုံဆိုတာ ဘာပါလဲ။

ဖြေ။ ။ အရှင်မဟာကဿပ ဟု နောက်တစ်ချိန်တွင် ထင်ရှားမည့် ပိပ္ပလိလုလင်သည် မိမိဘာသာ ရဟန်းအသွင်ကို ယူပြီးလျှင် မဟာတိတ္ထနေရင်း ပုဏ္ဏားရွာမှ ထွက်၍ ဘုရားရှင်ရှိရာသို့ အစဉ်သဖြင့် သွားလတ်သော် သုံးဂါဝုတ်ခရီးမှ ဆီးကြို၍ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒာမြို့အကြား ဗဟုပုတ္တကမည်သော ပညောင်ပင်ရင်း၌ တစ်ပါးတည် ထိုင်နေတော်မူသော မြတ်စွာဘုရားကို ဖူးတွေ့ရလေလျှင် မြတ်စွာဘုရားရှင်အပေါ်၌ ''ဤပုဂ္ဂိုလ်မြတ်သည် လူနတ်တို့၏ဆရာ သတ္ထာ မည်တော်မူ၏။ ကောင်းသော ပဋိပတ်ဖြင့် နိဗ္ဗာန်သို့ အမှန်ပင် ဆိုက်ရောက်သောကြောင့် သုဂတမည်တော်မူ၏။ မဖောက်မပြန် ကိုယ်တော်တိုင် သစ္စာဥယျ၊ ဓမ္မဒေပင်း ထိုးထွင်းသိမြင်တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏''ဟု ယုံမှားကင်းပြတ် ဆုံးဖြတ်ချက်ချမှတ်ပြီးလျှင်...

''သတ္ထာရဏ္ဍ ဝတာဟံ ပသေယျံ၊ ဘဂဝန္တမေဝ ပသေယျံ= အကျွန်ုပ်သည် လူနတ်တို့၏ဆရာ သတ္ထာမည်သောပုဂ္ဂိုလ်မြတ်ကို ကြည့်ရှုလျှင် ရှင်ပင်ဘုရားကိုသာ ကြည့်ရှုပါအံ့။ သုဂတဏ္ဍ ဝတာဟံ ပသေယျံ၊ ဘဂဝန္တမေဝ ပသေယျံ=အကျွန်ုပ်သည် သုဂတခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ကို ကြည့်ရှုလျှင် ရှင်ပင်ဘုရားကိုသာ ကြည့်ရှုပါအံ့။ သမ္မာသမ္ဗုဒ္ဓ ခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ကို ကြည့်ရှုလျှင် ရှင်ပင်ဘုရားကို သာ ကြည့်ရှုပါအံ့။ (=အကျွန်ုပ်သည် ရှင်တော်ဘုရားမှတစ်ပါး အခြားသူကို သတ္ထုဟူ၍၊ သုဂတဟူ၍၊ သမ္မာသမ္ဗုဒ္ဓဟူ၍ ဉာဏ်စက္ခုဖြင့် မကြည့်ရှုပါ၊ မမြင်ပါ။ ရှင်တော်ဘုရားကိုသာလျှင် သတ္ထုဟူ၍၊ သုဂတ

http://www.dhammadownload.com



ဟူ၍၎, သမ္မာသမ္ဗုဒ္ဓဟူ၍၎ ဉာဏ်စက္ခုဖြင့် ကြည့်ရှုသိမြင်ပါ၏–ဟု ဆိုလို သည်)''

ဤကဲ့သို့ နှုတ်မြွက်ကာ သရဏဂုံ ခံယူလေသည်။ ဤသို့လည်း အရှင်မဟာကာဿပ၏ တပည့်အဖြစ် ခံယူသော သရဏဂုံကဲ့သို့ ရတနာ သုံးပါး၏ တပည့်အဖြစ် ခံယူသော သိဿဘာဂူပဂမနသရဏဂုံသည် ဖြစ်၏။

(မဟာဗုဒ္ဓဝံ၊ ဘ ၆၉၉)

၄၂။ မေး။ ။ ပဏိပါတသရဏဂုံဆိုတာ ဘာပါလဲ။

ဖြေ။ ။ မဇ္ဈိမပဏ္ဏာသ ပြဟ္မာယုသုတ်ဝယ် လာရှိသည့် အတိုင်း ပြဟ္မာယုပုဏ္ဏား မေးလျှောက်အပ်သော ပြဿနာရှစ်ချက်ကို မြတ်စွာဘုရားရှင် ဖြေကြား၍ ပြီးဆုံးသောအခါ ပြဟ္မာယုပုဏ္ဏား ကြီးသည် မြတ်စွာဘုရား၌ အလွန်ကြည်ညိုရကား နေရာမှထ၍ မြတ်စွာဘုရားရှင်၏ ခြေတော်တို့၌ ဦးဖြင့်တိုက် (ဦးခိုက်)ပြီးလျှင် ဘုရားရှင်၏ ခြေတော်တို့ကို ခံတွင်းဖြင့်လည်း စုပ်လေသည်။ လက် နှစ်ဖက်တို့ဖြင့် တအားသွန် ဆုပ်နယ်လေသည်။ ''အို ... အရှင် ဂေါတမ၊ အကျွန်ုပ်သည် ပြဟ္မာယုပုဏ္ဏား ဖြစ်ပါသည်၊ ''အို ... အရှင်... ဂေါတမ၊ အကျွန်ုပ်သည် ပြဟ္မာယုပုဏ္ဏား ဖြစ်ပါသည်''ဟု အမည်ကိုလည်း ထုတ်ဖော်ပြောကြား လျှောက်ထားလေသည်။

ဤပြဟ္မာယုပုဏ္ဏားကြီးကဲ့သို့ ကိုယ်ထိလက်ရောက် ရတနာ သုံးပါး၌ အလွန်အမင်းရှိသေသော အခြင်းအရာအားဖြင့်လည်း ပဏိပါတ သရဏဂုံသည် ဖြစ်၏။

(မဟာဗုဒ္ဓဝံ၊ ဘ ၇၀၀/၁)

http://www.dhammadownload.com



၄၃။ မေး။ ။ အတ္တ သန္ဓိယျာတနသရဏာဂုံ စတဲ့ သရဏာဂုံ (၄)ပါး ရဲ့ အဓိပ္ပာယ်နောက်တစ်နည်းက ဘာပါလဲ။

ဖြေ။ ။ အချုပ်အားဖြင့် အတ္တသန္ဓိယျာတန အစရှိသော သရဏာဂုံ လေးမျိုးတို့အတွက် ပြုမူပုံတစ်မျိုးတည်းအနေဖြင့် မမှတ်ယူရ။ ရတနာသုံးပါး၌ ရိုသေလေးမြတ် ဆည်းကပ်သော အခြင်းအရာဖြင့် ဖြစ်သည့် အပြုအမူအမျိုးမျိုး၊ အပြောအဆိုအမျိုးမျိုးတို့ ရှိလေရာ ထိုပြုမူပြောဆိုချက်အပေါ်မှာ မူတည်၍ ''ဤအပြုအမူ အပြောအဆိုမျိုးကား အတ္တ သန္ဓိယျာတနသရဏာဂုံ ဖြစ်၏။ ဤအပြုအမူ အပြောအဆိုမျိုးကား တပ္ပရာယဏသရဏာဂုံ ဖြစ်၏။ ဤအပြုအမူ အပြောအဆိုမျိုးကား ပဏိပါတသရဏာဂုံ ဖြစ်၏'' ဟူ၍ သင့်လျော်သလို မှတ်ယူနိုင်ရန် ဤယခုနောက်နည်းကို အဋ္ဌကထာဆရာတော်မြတ် ဖွင့်ပြတော်မူအပ်လေသည်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၁)

၄၄။ မေး။ ။ အရိုအသေပြုမှု ၄ မျိုးဆိုတာ ဘာတွေပါလဲ။

ဖြေ။ ။ ပဏိပါတခေါ်သော အရိုအသေပြုမှု ရှိခိုးမှုသည်

၁။ ဆွေမျိုးဖြစ်၍ ရှိခိုးခြင်း

၂။ ကြောက်သဖြင့် အရိုအသေပြုခြင်း၊ ရှိခိုးခြင်း

၃။ ဆရာဖြစ်၍ အရိုအသေပြုခြင်း၊ ရှိခိုးခြင်း

၄။ မြတ်သောအလှူကို ခံယူထိုက်သည့် ရတနာသုံးတန် ဝတ္ထုမှုန်အနေနှင့် အရိုအသေပြုခြင်း၊ ရှိခိုးခြင်း

ဟူ၍ လေးမျိုးပြားပြန်လေသည်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၁/၂)

http://www.dhammadownload.com



၄၅။ မေး။ ။ သရဏဂုံ မြောက်, မမြောက် ရိုသေမှု ရှိခိုးမှုတွေက ဘာတွေပါလဲ။

ဖြေ။ ။ ထိုလေးမျိုးတို့အနက် မြတ်သောအလျှူကို ခံယူထိုက်သည့် ရတနာသုံးတန် ဝတ္ထုမှန် အနေဖြင့် အရိုအသေပြုမှု၊ ရှိခိုးမှုသာလျှင် ပဏီပါတသရဏဂုံမြောက်လေသည်။ ကျန်သုံးမျိုးဖြင့် ရိုသေမှု၊ ရှိခိုးမှုကား သရဏဂုံမမြောက်ပေ။

မှန်၏။ ဦးမွန်းအပ် မြတ်သောရတနာမှန်အနေဖြင့် ရိုသေမြတ်နိုး ရှိခိုးမှတ်ယူမှသာ သရဏဂုံမြောက်လေသည်။ စစ်မှန်သော ဘုရား၊ တရား၊ သံဃာ = ရတနာသုံးပါးကို စွန့်ပယ်၍ အခြားမစစ်မမှန်သည့် ဘုရားအမည်ခံ၊ တရားအမည်ခံ၊ သံဃာအမည်ခံများကို စစ်မှန်သော ဘုရား၊ တရား၊ သံဃာ ရတနာအနေဖြင့် ရိုသေမြတ်နိုး ရှိခိုးကိုးကွယ်မှသာ သရဏဂုံပျက်လေသည်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၂)

၄၆။ မေး။ ။ သရဏဂုံခံယူအပ်သည့် မမည်သူတွေထဲမှာ ပထမ က ဘယ်သူပါလဲ။

ဖြေ။ ။ အမှတ်မထင် အကြင်သာကိုဝင်မင်း ကောလိယမင်းသည်...

"မြတ်စွာဘုရားသည် ငါတို့၏ မဟာ ဆွေတော် မျိုးတော် ဖြစ်သည်"ဟု အောက်မေ့ကာ ရှိခိုးငြားအံ့၊ ထိုသူသည် သရဏဂုံကို ခံယူအပ်သည် မမည်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၂)

http://www.dhammadownload.com



**၄၇။ မေး။ ။ သရဏဂုံခံယူအပ်သည် မမည်သူတွေထဲမှာ ဒုတိယ က ဘယ်သူပါလဲ။**

ဖြေ။ ။ အမှတ်မထင် အကြင်သူသည် ''ရဟန်းဂေါတမ သည် မင်းအပူဇော်ခံပုဂ္ဂိုလ် တန်ခိုးအာနုဘော်ကြီးသော ပုဂ္ဂိုလ်ဖြစ်လေသည်၊ သူ့ကို ရှိခိုးမှု ငါ မပြုခဲ့လျှင် ငါ၏ အကျိုးမဲ့ကိုသော်မူလည်း ပြုလေရာ၏'' ဟု အောက်မေ့ကြောက်ရွံ့သဖြင့် ရှိခိုးငြားအံ့။ ထိုသူသည်လည်း သရဏဂုံကို ခံယူအပ်သည် မမည်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၂)

**၄၈။ မေး။ ။ သရဏဂုံခံယူအပ်သည် မမည်သူတွေထဲမှာ တတိယ က ဘယ်သူပါလဲ။**

ဖြေ။ ။ အမှတ်မထင် အကြင်သူသည် မြတ်စွာဘုရား ဘုရားမဖြစ်မီ ဘုရားအလောင်းတော် ဖြစ်စဉ်အခါ၌ အလောင်းတော် သူမြတ်ထံ အတတ်ပညာ တစုံတရာ သင်ကြားခဲ့ဖူးသည်ကို အောက်မေ့ကာ ဘုရားဖြစ်တော်မူသောအခါ၌ ''ငါ၏ဆရာ ဖြစ်ခဲ့ပေသည်'' ဟု အောက်မေ့ကာ ရှိခိုးငြားအံ့၊ အမှတ်မထင် အကြင်သူသည်လည်း မြတ်စွာဘုရား ဖြစ်သောအခါ . . .

စတုမာ ဝိဘဇေ ဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ။
ဇေနေန ဘောဂံ ဘုဥ္ဇေယျ၊ ဒ္ဒိဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။

အိမ်ရာကို စိုးအုပ်နေသော ပညာရှိမင်းယောကျ်ားသည် မိမိရရှိသော စည်းစိမ်ဥစ္စာများကို လေးပုံပုံပြီးနောက် တစ်ပုံသောဥစ္စာဖြင့်

http://www.dhammadownload.com



လူ့စည်းစိမ်ကို ခံစားသုံးဆောင်ရမည်။ နှစ်ပုံသောဥစ္စာတို့ဖြင့် မိမိအလုပ်ကို ဆက်၍လုပ်ဆောင်ရမည်။ စတုတ္ထအပုံကိုကား ''ဘေးရန်ရောက်ခဲ့သော် သုံးစွဲရန် ဖြစ်စိမ့်မည်''ဟု ရည်ရွယ်၍ သိမ်းထားရမည်။ (=မိမိရောင်းဝယ်ဖောက်ကား၍ ငွေ ၁၀၀ ကျပ် တစ်ရာအမြတ်အစွန်းရရှိလာလျှင် ထိုကျပ်တစ်ရာကို လေးပုံပြု၍ တစ်ပုံ ၂၅ ကျပ်ဖြင့် အိမ်ထောင်မှူ လောက်အောင် သုံးရမည်၊ နှစ်ပုံဖြစ်သည့် ၅၀ ကျပ်ကို အလုပ်ထဲ၌ ပြန်၍ရင်းနှီးရမည်၊ စတုတ္ထအပုံဖြစ်သည့် ၂၅ ကျပ်ကို ဘေးရန်ပေါ်ပေါက်လျှင် အသုံးပြုရန် သိမ်းထားရမည်။)

ဤကဲ့သို့သော လောကီကြီးပွားရေးဆိုင်ရာ ဆုံးမချက်ကို သင်ကြား၍ လောကီကြီးပွားရေး ညွှန်ကြားပေးပေသည်ဟု စိတ်က ရည်ရွယ်၍ ''ငါ၏ဆရာ ဖြစ်ပါပေသည်''ဟု အောက်မေ့ကာ ရှိခိုးကြားအံ့။ ထိုသူနှစ်ဦးလုံးပင် သရဏဂုံကို ခံယူအပ်သည် မမည်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၂)

**၄၉။ မေး။ ။ သရဏဂုံခံယူအပ်သည် မည်တဲ့သူက ဘယ်သူ ပါလဲ။**

ဖြေ။ ။ အမှတ်မထင် အကြင်သူသည်ကား ''ဤမြတ်စွာဘုရားသည် လောက၌ နောက်နောက်ဘဝ အကျိုးရအောင် ပျိုးချတုံလတ် မြတ်သောအလှူကို ခံယူတော်မူထိုက်သော ရတနာစစ် ရတနာမှန် ဖြစ်တော်မူပေ၏'' ဟု အောက်မေ့ကာ ရှိခိုး၏။ ထိုသူသည် သာလျှင် သရဏဂုံကို ခံယူအပ်သည် မည်၏။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၃)

http://www.dhammadownload.com



**၅၀။ မေး။ ။ တိတ္ထိကို ရှိခိုးလျက် သရဏာဂုံ မပျက်သူက ဘယ်သူပါလဲ။**

ဖြေ။ ။ အဂ္ဂဒက္ခိဏောယျပုဂ္ဂိုလ် = မြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ်အနေဖြင့် ဘုရားရှင်ကို သိရှိကာ သရဏာဂုံခံယူပြီးသော ဥပါသကာ၊ ဥပါသိကာတို့အဖို့ရာ သာသနာပြင်ပတိတ္ထိတို့၌ တိတ္ထိရဟန်းပြုနေသော ဆွေမျိုးဖြစ်သူကို "ဤသူကား ငါ့၏ ဆွေမျိုးဖြစ်သည်"ဟု အောက်မေ့ကာ ရှိခိုးသော်လည်း သရဏာဂုံမပျက်။ တိတ္ထိရဟန်းမဟုတ်သူ ဆွေမျိုးတော်စပ်သော ပကတိလူကို ရှိခိုးမူကား အဘယ်ဆိုဖွယ်ရှိအံ့နည်း။ သရဏာဂုံ မပျက်သည်သာတည်း။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၃)

**၅၁။ မေး။ ။ မင်းကို ရှိခိုးလျက် သရဏာဂုံ မပျက်သူက ဘယ်သူ ပါလဲ။**

ဖြေ။ ။ သရဏာဂုံ ခံယူပြီးသော ဥပါသကာ၊ ဥပါသိကာတို့အဖို့ရာ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သူကို ရှိမခိုးလျှင် အကျိုးမဲ့ကို ပြုမည်စိုးရ၍ ရှိခိုးသော်လည်း သရဏာဂုံ မပျက်ချေ။ မှန်၏။ ထိုမင်းဖြစ်သောသူသည် တိုင်းပြည်အလုံးက ပူဇော်အပ်သူဖြစ်ရကား ရှိမခိုးအပ်လျှင် အကျိုးမဲ့ကိုသော်လည်း ပြုလေရာ၏။ ထို့ကြောင့် ရှိခိုးရမည်သာ၊ ထိုသို့ မင်းကို ကြောက်သဖြင့် ရှိခိုးသော်လည်း သရဏာဂုံ မပျက်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၃)

http://www.dhammadownload.com



**၅၂။ မေး။ ။ တိတ္ထိဆရာကို ရှိခိုးလျက် သရဏဂုံ မပျက်သူက ဘယ်သူပါလဲ။**

ဖြေ။ ။ ထို့အတူ အတတ်ပညာ တစုံတရာ သင်ကြားပြသ ပေးသော ဆရာဖြစ်ဖူးသည့် တိတ္ထိဖြစ်သောသူကိုပင်သော်လည်း ''ဤသူသည် ငါ့၏ဆရာ ဖြစ်ခဲ့ဖူးပြီ''ဟု ကြံစည်အောက်မေ့ကာ ရှိခိုးသော (သရဏဂုံ တည်သူ) ဥပါသကာအဖို့လည်း သရဏဂုံ မပျက်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၄)

**၅၃။ မေး။ ။ သရဏဂုံ ၂ မျိုးရဲ့ အကျိုးတွေက ဘာတွေပါလဲ။**

ဖြေ။ ။ လောကီသရဏဂုံ၊ လောကုတ္တရာသရဏဂုံ နှစ်မျိုး တို့တွင် အရိယဖိုလ်လေးပါးတို့သည် လောကုတ္တရာသရဏဂုံ (=မဂ် စိတ္တုပ္ပါဒ်)၏ အကျိုးရင်း ဖြစ်ကုန်၏။ သံသရာဝဋ်ဒုက္ခ၏ ကုန်ခန်း ချုပ်ငြိမ်းခြင်းသည် အကျိုးဆက် အကျိုးဖျား အာနိသံသ မည်၏။ ဘယ်သောအခါမှာမှ နိစ္စ ဟူ၍၊ သုခဟူ၍၊ အတ္တဟူ၍ မစွဲယူခြင်း– စသည်သည် လောကုတ္တရာ သရဏဂုံ၏ အကျိုးဆက်မည်၏။ ဘဝ သမ္ဘတို့=သုဂတိဘဝသို့ ကပ်ရောက်ရခြင်း၊ ဘောဂသမ္ဘတို့=စည်းစိမ် ဥစ္စာနှင့်ပြည့်စုံခြင်း စသည်သည် လောကီသရဏဂုံ၏ အကျိုးမည်၏။ ဤကား သရဏဂုံ၏အကျိုးတည်း။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၄)

http://www.dhammadownload.com



**၅၄။ မေး။ ။ ဘာတွေကြောင့် သရဏဂုံဟာ ညစ်နွမ်း ရပါသလဲ။**

ဖြေ။ ။ လောကီသရဏဂုံ၊ လောကုတ္တရာသရဏဂုံ နှစ်ပါးတို့တွင် လောကီသရဏဂုံသည် ရတနာသုံးပါးတို့၌ ဂုဏ်ကျေးဇူးကို မသိခြင်း၊ ယုံမှားခြင်း၊ အလွဲလွဲအမှားမှား စွဲယူမှတ်ထင်ခြင်း စသည်တို့ကြောင့် ညစ်နွမ်းတတ်၏။ အရောင်မလက် မပြန့်ပြူး မကြီးကျယ်။ လောကုတ္တရာသရဏဂုံမှာကား ညစ်နွမ်းမှုဟူ၍ မရှိ၊ အမြဲတစေ သန့်ရှင်းစင်ကြယ်လျက် ရှိချေ၏။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၄)

**၅၅။ မေး။ ။ လောကုတ္တရာသရဏဂုံမှာ ဘာကြောင့် ပျက်စီးမှု မရှိပါသလဲ။**

ဖြေ။ ။ သရဏဂုံနှစ်ပါးတို့တွင် လောကုတ္တရာသရဏဂုံမှာ ဘယ်သောအခါမှာမှ ပျက်စီးသောဟူ၍ မရှိ။ မှန်၏။ လောကုတ္တရာသရဏဂုံတည်ပြီးသူဖြစ်သည့် အရိယာသူတော်ကောင်းသည် တမလွန်လောက ဟိုဘဝ၌သော်လည်း ရတနာသုံးပါးမှတစ်ပါး အခြားသူကို ဆရာဟူ၍ မည္ဆန်ပြတော့ချေ။ လောကီသရဏဂုံမှာသာ ပျက်စီးခြင်း ရှိသည်။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၄)

**၅၆။ မေး။ ။ လောကီသရဏဂုံရဲ့ ပျက်စီးခြင်းက ဘယ်လောက် ရှိပါသလဲ။**

ဖြေ။ ။ လောကီသရဏဂုံပျက်စီးခြင်းသည် . . .

http://www.dhammadownload.com



၁။ အပြစ်ရှိသော ပျက်စီးခြင်း
၂။ အပြစ်မရှိသော ပျက်စီးခြင်း
ဟူ၍ နှစ်မျိုးရှိ၏။
ထိုနှစ်မျိုးတို့တွင် . . .
၁။ ရတနာသုံးပါးမှတစ်ပါး အခြားတိတ္ထိဆရာ စသည်တို့၌ ''မိမိကိုယ်ကို အပ်နှင်းသောအခြင်းအရာ'' အစရှိသော ရှေးဖော်ပြရာပါ အခြင်းအရာလေးပါးတို့အနက် တစ်ပါးပါးသော အခြင်းအရာဖြင့် ဆည်းကပ်ကိုးကွယ်လျှင် သရဏဂုံလည်း ပျက်၍ တဏှာ၊ ဒိဋ္ဌိ အစရှိသော အကုသိုလ်အပြစ်တို့နှင့်လည်း တကွဖြစ်သောကြောင့် မကောင်းသော ဆင်းရဲဒုက္ခအကျိုးကို ပေး၏။
၂။ ဤဘဝ ကိုယ်ခန္ဓာပြတ်ကြွေ စုတေသောအခါ ခံယူရင်း လောကီသရဏဂုံ ပျက်၏။ သို့သော် သရဏဂုံပျက်ရုံမျှသာ ဖြစ်၍ တစုံတခု အကုသိုလ်မဟုတ်သောကြောင့် အပြစ်မရှိ။ (ယနေ့ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ဆောက်တည်အပ်သော သရဏဂုံသည် လောကီသရဏဂုံ ဖြစ်၏။ ထိုလောကီသရဏဂုံသည် သိက္ခာပုဒ်ကို ဆောက်တည်ခြင်းကဲ့သို့ ကာလအပိုင်းအခြားကို မပြုမူ၍ ဆောက်တည်အပ်ရကား အသက်ပျက်ဆုံးမှ သရဏဂုံလည်း ဆုံးလေ၊ ပျက်လေတော့သည်။ ထိုကဲ့သို့ သေသဖြင့် သရဏဂုံပျက်ခြင်းကား တဏှာ၊ ဒိဋ္ဌိ အစရှိသော အကုသိုလ်အပြစ်တရားများ မပါရှိ၍ အပြစ်မရှိသော ပျက်စီးခြင်းသာဖြစ်၏။

ဤကား သရဏဂုံ၏ ပျက်စီးခြင်းကို ပြဆိုချက်တည်း။

(သုတ်၊ သီလက္ခန်ဓဋ္ဌကထာ စာမျက်နှာ ၂၀၅၊ ပ၊ ၂၀၉ မှ)

(မဟာဗုဒ္ဓဝံ၊ စာ ၇၀၄)

http://www.dhammadownload.com



၅၇။ မေး။ ။ ဥပါသကာနဲ့ စပ်ပြီး ဘာတွေကို နားလည်သင့်ပါသလဲ။

ဖြေ။ ။ ဥပါသကာနဲ့စပ်၍ မှတ်ဖွယ်ကိုလည်း အကျဉ်းမျှ ဖော်ပြဦးအုံ့။ ဤဥပါသကာအရာ၌လည်း . . .

(က)ဥပါသကာမည်သောသူ

(ခ) ဥပါသကာမည်ကြောင်း

(ဂ) ဥပါသကာ၏ သီလ

(ဃ)ဥပါသကာ၏ အသက်မွေးမှု

(င) ဥပါသကာ၏ ပျက်စီးခြင်း

(စ) ဥပါသကာ၏ ပြည့်စုံခြင်း

ဤခြောက်ပါးကို နားလည်သင့်၏။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၅)

၅၈။ မေး။ ။ ဥပါသကာမည်သူက ဘယ်သူပါလဲ။

ဖြေ။ ။ ထိုခြောက်ပါးတို့တွင် ''အဘယ်သို့သောသူသည် ဥပါသကာ မည်သနည်း''ဟူမူ အမျိုးယုတ်ညံ့မဟူ သရဏဂုံတည်သူ မှန်သမျှသည် ဥပါသကာမည်၏။ (ဆိုင်ရာသာဓကကို သံ၊ ၃၊ ၃၄၄ မျက်နှာမှ ယူလေ။)

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၅)

၅၉။ မေး။ ။ ဘာကြောင့် ဥပါသကာလို့ ခေါ်ပါသလဲ။

ဖြေ။ ။ ''အဘယ်ကြောင့် ဥပါသကာမည်သနည်း'' ဟူမူ

http://www.dhammadownload.com



ဘုရား၊ တရား၊ သံဃာ = ရတနာသုံးပါးကို ဆည်းကပ်တတ်သော ကြောင့် ဥပါသကာ မည်၏။ (ဥပါသတီတိ ဥပါသကော။ ဥပါသတိ = ရတနာသုံးပါးကို ဆည်းကပ်တတ်၏။ ဣတိ တသ္မာ = ထို့ကြောင့်။ ဥပါသကော = ဥပါသကမည်၏။ ဥပါသကော = ရတနာသုံးပါးကို ဆည်းကပ်တတ် သူ ဒါယကာ။ ဤကား ဝစနတ္ထတည်း။)

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၆)

၆၀။ မေး။ ။ ဥပါသကာရဲ့ သီလက ဘယ်သီလပါလဲ။

ဖြေ။ ။ ''ဥပါသကာ၏ သီလကား အဘယ်နည်း'' ဟူမူ ငါးပါးသီလသည် ဥပါသကာ၏သီလ မည်၏။ (သာဓကကို သံ၊ ၃၊ ၃၄၅ မျက်နှာ မှ ယူလေ။)

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၆)

၆၁။ မေး။ ။ ဥပါသကာရဲ့ အသက်မွေးမှုက ဘာပါလဲ။

ဖြေ။ ။ ''ဥပါသကာ၏ အသက်မွေးမှုကား အဘယ်နည်း'' ဟူမူ...

၁။ လက်နက် ရောင်းဝယ်ကုန်သွယ်ခြင်း

၂။ လူကို ရောင်းဝယ်ကုန်သွယ်ခြင်း

၃။ အသားငါးကို ရောင်းဝယ်ကုန်သွယ်ခြင်း

၄။ သေအရက်ကို ရောင်းဝယ်ကုန်သွယ်ခြင်း

၅။ အဆိပ်ကို ရောင်းဝယ်ကုန်သွယ်ခြင်း

ဤမိစ္ဆာကုန်သွယ်ခြင်း ၅ မျိုးကို ရှောင်ရှား၍ တရားနှင့်အညီ

http://www.dhammadownload.com



နွားကျောင်း၍ ကုန်သွယ်၍ လယ်လုပ်၍ အသက်မွေးခြင်းသည် ဥပါသကာ၏ အသက်မွေးမှု မည်၏။ (သာဓကကို အံ၊ ၂၊ စာမျက်နှာ ၁၈၃ မှ ယူလေ။)

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၆)

**၆၂။ မေး။ ။ ဥပါသကာရဲ့ ပျက်စီးခြင်းက ဘာပါလဲ။**

ဖြေ။ ။ ''ဥပါသကာရဲ့ ပျက်စီးခြင်းကား အဘယ်နည်း'' ဟူမူ ရှေးဖော်ပြရာပါ ငါးပါးသီလနှင့် တရားသောအသက်မွေးမှုတို့၏ ပျက်စီးခြင်းသည် ဥပါသကာ၏ ပျက်စီးခြင်းမည်၏။ (ငါးပါးသီလ ပျက်စီးလျှင်လည်းကောင်း၊ မိစ္ဆာကုန်သွယ်ခြင်း ၅ မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ကုန်သွယ်၍ အသက်မွေးလျှင်လည်းကောင်း ဥပါသကာ၏အဖြစ် ပျက်စီးလေတော့၏ ဟု ဆိုလိုသည်။) ထို့ပြင် ဥပါသကာကြွမ်း၊ ဥပါသကာညစ်၊ စက်ဆုပ်ဖွယ်သော ဥပါသကာ၏အဖြစ်ကို ပြုတတ်သည့် . . .

၁။ သဒ္ဓါတရား မရှိခြင်း

၂။ ကိုယ်ကျင့်သီလ မရှိခြင်း

၃။ လူမလိမ္မာ ပညာမဲ့သူတို့ ကြဲဆအပ်သည့် အမြင်, အကြား, အတွေ့, ဟူသော လောကီမင်္ဂလာတို့နှင့် ပြည့်စုံခြင်း၊ ထို လောကီမင်္ဂလာတို့ကိုသာ လိုက်စားခြင်း

၄။ ကုသိုလ်ကံ၊ အကုသိုလ်ကံကို မယုံကြည်ဘဲ မင်္ဂလာကိုသာ အနှစ်သာရအားဖြင့် ယုံကြည်ခြင်း၊

၅။ သဗ္ဗညုမြတ်စွာသာသနာ ပြင်ပတိတ္ထိတို့၏ အယူဝါဒ၌ မြတ် သောအလျှုခံပုဂ္ဂိုလ်ရှိနိုး မျှော်ကိုးရာဖြိုးလျက် ကုသိုလ်ကောင်းမှု

http://www.dhammadownload.com



ပြုလုပ်လျှင် တိတ္ထိတို့၏ အယူဝါဒ၌ ဦးစားပေး ရှေးဦးစွာ ပြုလုပ်ပြီးနောက်မှ ဘုရားသာသနာ၌ ပြုလုပ်ခြင်း။ ဤတရား ငါးပါးသည် ဥပါသကာ၏ ပျက်စီးခြင်း မည်၏။ (ဤတရား ငါးပါး ဖြစ်လာလျှင် ဥပါသကာအဖြစ် ပျက်စီးတော့၏ဟု ဆိုလိုသည်)။ (သာဓကကို အံ၊ ၂၊ ၁၈၁ မှ ယူလေ။)

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၆)

**၆၃။ မေး။ ။ ဥပါသကာရဲ့ ပြည့်စုံခြင်းက ဘာပါလဲ။**

ဖြေ။ ။ "ဥပါသကာရဲ့ ပြည့်စုံခြင်းကား အဘယ်နည်း" ဟူမူ ရှေးဖော်ပြရာပါ ငါးပါးသီလ, တရားသောအသက်မွေးမှုတို့နှင့် ပြည့်စုံခြင်းသည် ဥပါသကာ၏ ပြည့်စုံခြင်းမည်၏။ (ငါးပါးသီလ မပျက်စီးလျှင်၊ တရားသောအသက်မွေးမှု မပျက်စီးလျှင် ဥပါသကာ၏ အဖြစ် ပြည့်စုံနေ၏ဟု ဆိုလိုသည်။) ထို့ပြင် ရတနာနှင့်တူသော ဥပါသကာ၊ ပဒုမာကြာနှင့် တူသော ဥပါသကာ၊ ကြာပုဇွန်ရိုက်နှင့် တူသော ဥပါသကာအဖြစ်ကို ပြုတတ်သည့်.

၁။ သဒ္ဓါတရားရှိခြင်း

၂။ ကိုယ်ကျင့်သီလ မပျက်စီးခြင်း

၃။ လောကီမင်္ဂလာတို့ကို မလိုက်စားခြင်း

၄။ လောကီမင်္ဂလာများကို မယုံကြည်ဘဲ ကုသိုလ်၊ အကုသိုလ် ကံကိုသာ ယုံကြည်ခြင်း

၅။ သာသနာပြင်ပ တိတ္ထိတို့၏ အယူဝါဒ၌ မြတ်သောအလှူခံ ပုဂ္ဂိုလ် ရှိနိုး မျှော်ကိုးရှာမှီးမှု မပြုဘဲ ကုသိုလ်ကောင်းမှု ပြုလုပ်

http://www.dhammadownload.com



လျှင် ဤသာသနာတော်၌ ဦးစားပေး ရှေးဦးစွာ ပြုလုပ်ပြီး နောက်မှ တိတ္ထိတို့၏ ဝါဒသာသနာ၌ ပြုလုပ်ခြင်း၊ ဤတရား ငါးပါးသည် ဥပါသကာ၏ ပြည့်စုံခြင်းမည်၏။

(ဤတရားငါးပါး ထင်ရှားရှိနေလျှင် ဥပါသကာ၏အဖြစ် ပြည့်စုံနေ၏ဟု ဆိုလိုသည်)။ (သာဓကကို အံ၊ ၂၊ ၁၈၁ မှ ယူလေ)။

(မဟာဗုဒ္ဓဝင်၊ စာ ၇၀၇)

၆၄။ မေး။ ။ နတ်ကို ကိုးကွယ်သင့်ပါသလား။ ဘုရားပါဠိတော် အကိုးအကား ၄ ခု လောက် ပြပေးပါ။

ဖြေ။ ။ ကျမ်းဂန်တို့နှင့် ညီညွတ်သည်၊ မညီညွတ်သည်ကို စစ်တမ်းထုတ်၍ ပြလိုက်အုံ့။

မဟာဂီရိ အစရှိသော မိရိုးဖလာကိုးကွယ်ကြသော နတ်များကို အရိုးအစဉ်မပျက် ကိုးကွယ်ခြင်းအမှုသည် ကောင်းကျိုးစီးပွားဖြစ်ထွန်းရန် အမှုတစ်ခုဖြစ်ကြောင်းကို အင်္ဂုတ္တိရ်ပါဠိတော်တွင် ဟောတော်မူသည်တစ်ချက်။

ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်တို့ကို အစဉ်အလာမပျက်ရအောင် ကိုးကွယ်ကြသော မြို့ရွာတိုင်းပြည်များသည် အကျိုးစီးပွား မဆုတ်မယုတ်နိုင်သော အပရိဟာနိယဓမ္မတစ်ပါးဖြစ်ကြောင်းကို မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူသည် တစ်ချက်။

"တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ။
မေတ္တံ ကရောထ မာနုသိယာ ပဇာယ၊
ဒိဝါ စ ရတ္တော စ ဟရေန္တိ ယေ ဗလိ"

http://www.dhammadownload.com



ဟူ၍ နေ့နေ့ည‌ည ပူဇော်သက္ကာရများကို ဆောင်ယူပူဇော်ကြပေကုန်သော လူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာကို ပြုကြပေကုန်လော့ဟု ရတနသုတ်တွင် ဟောတော်မူသည်တစ်ချက်။

''ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ''

ဟူ၍ လူတို့သည် အိမ်သစ်တက်သောအခါ ရဟန်းသံဃာတော်များကို လှူဒါန်းကျွေးမွေးရာ မဟာဂီရိ အစရှိသော အိမ်စောင့်နတ်များကို အမျှဝေရမည်။ ငါတို့ကို အမျှဝေပေးသည်ဟူ၍ ထိုအိမ်ရှင်တို့ကို အိမ်စောင့်နတ်က ဘေးကင်းအောင်၊ အန္တရာယ်ကင်းအောင် စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင်တို့ကို တစ်ဖန် ပူဇော်စောင့်ရှောက်ကုန်သည် ရှိသော် ထိုအိမ်ရှင်တို့သည် အခါခပ်သိမ်း ကောင်းမြတ်သောမင်္ဂလာကျက်သရေတို့ကိုသာ မြင်ရ တွေ့ရ ကြုံရကုန်သည်ဟု ဟောတော်မူသည်တစ်ချက်။

ဤသို့လျှင် လူတို့၏ ကောင်းကျိုးစီးပွား များမြတ်ရာသော တရားတို့ကို ဟောတော်မူသော မြတ်စွာဘုရားသည် မဟာဂီရိ စသော မိရိုးဖလာ ကိုးကွယ်ကြသော နတ်များကို အစဉ်အလာမပျက်ရအောင် ကိုးကွယ်ပူဇော်ကြသော အမှုကို သုတ္တန်အရပ်ရပ်တို့၌ ချီးမွမ်းတော်မူသည်။ အစဉ်အလာ ကိုးကွယ်မြဲတိုင်း မကိုးကွယ်ကြသောလူတို့အား အကျိုးစီးပွား ဆုတ်ယုတ်ရန် အကြောင်းတစ်ခုဖြစ်ကြောင်းကိုလည်း မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူသည်။

(လယ်တီ၊ ဒါနာဒီဒီပနီ၊ စာ ၆၇၁)

http://www.dhammadownload.com



၆၅။ မေး။ ။ နတ်တို့ကို ကိုးကွယ်ရာမှာ ဥပမာ ၃ မျိုး ပြပြီး ရှင်းပြနိုင်ပါသလား။

ဖြေ။ ။ မဟာဂီရိ စသောနတ်တို့ကို အစဉ်အလာမပျက် အောင် ကိုးကွယ်မှု ဟူသည်လည်း ထိုနတ်တို့သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံကြပေကုန်သည်ဟု ဒက္ခိဏေယျ အနေနှင့် ကိုးကွယ်ရသည်လည်း မဟုတ်။ ကံကို လုံးလုံးလျှော်၍ ထိုနတ်တို့သည်သာ ကောင်းကျိုး၊ မကောင်းကျိုးကို ပေးနိုင်သည်ဟု ကိုးကွယ်ရသည်လည်း မဟုတ်။ လောကၠ အနာရောဂါ မကပ် မရောက်ပါစေခြင်း အကျိုးငှာ ဆေးသမားကြီးများကို ကိုးကွယ်ကြရသကဲ့သို့၊ ဥစ္စာပစ္စည်း ပေါများစေခြင်းအကျိုးငှာ သူဌေးကြီး၊ သူကြွယ်ကြီးများကို ကိုးကွယ်ကြရသကဲ့သို့၊ ခပ်သိမ်းသော စည်းစိမ်ကျက်သရေတို့ကို ရပါစေခြင်းငှာ မင်းစိုးရာဇာတို့ကို ကိုးကွယ်ကြရသကဲ့သို့ ကိုးကွယ်သည်သာ ဖြစ်သတည်း။

ကောင်းကောင်းတတ်ပေသော ဆေးသမားကြီးများကို ကောင်းစွာ ကိုးကွယ်လျှင် ရောဂါပျောက်ငြိမ်းမှု၊ သူဌေးကြီး သူကြွယ်ကြီးများကို ကောင်းစွာ ကိုးကွယ်ဆည်းကပ်လျှင် ပစ္စည်းဥစ္စာဖြစ်ထွန်းမှု၊ မင်းစိုးရာဇာတို့ကို ကောင်းစွာ ကိုးကွယ်လျှင် ခစားလျှင် စည်းစိမ်ကျက်သရေတို့ကို ခံစံရမှုများသည်လည်း လောကမျက်မြင်ပင် ဖြစ်ကြသည်။ မင်းစိုးရာဇာတို့ကို မရိုမသေပြုကျင့်လျှင် စည်းစိမ်ဥစ္စာ ပျက်စီးမှု၊ အသက်ခန္ဓာ ပျက်စီးမှုများသည်လည်း လောကမျက်မြင်ပင် ဖြစ်ကြသည်။

http://www.dhammadownload.com



အချို့သော လူပြိန်းတို့သည် ထိုအစဉ်အလာ ကိုးကွယ်ရိုးဖြစ်သော နတ်များကို ကိုးကွယ်ရမည်၊ ရှိသေရမည် ဆိုလျှင် ကံကိုသာ အားကိုး၍ ထိုသို့သော ကိုးကွယ်ရှိသေမှုများကို လုံးလုံး ပစ်ပယ်ကြကုန်၏။ ထိုသူတို့သည် မင်းစိုးရာဇာတို့ အမိန့်အာဏာနှင့်စပ်လျှင် ကံကိုသာ အားကိုး၍ မနေဝံ့၊ ယခု သေရတော့မည်လောက် ကြောက်ရွံ့ကြကုန်၏။

(လယ်တီ၊ ဒါနာဒီဒီပနီ၊ စာ ၆၇၂)

**မေး။ ။ နတ်တို့ကို မကိုးကွယ်ရင် ဘယ်လိုအပြစ် ဖြစ်နိုင်ပါသလဲ။**

ဖြေ။ ။ အကြောင်းမှာမူကား မင်းစိုးရာဇာတို့ အမျက်ထွက်၍ အသက်ခန္ဓာ ဆုံးရှုံးမှု၊ စည်းစိမ်ဥစ္စာ ဆုံးရှုံးမှုများကို မျက်မြင်ဖြစ်၍ ကြောက်ရွံ့ကြကုန်သည်။ နတ်တို့ အမျက်ထွက်၍ အသက်ခန္ဓာဆုံးရှုံးမှု၊ စည်းစိမ်ဥစ္စာ ဆုံးရှုံးမှုများကိုမူကား နတ်ကောင်နှင့်တကွ မမြင်ရ၍ ထိုလူပြိန်းတို့ မကြောက်ကြကုန်သည်။ ဤစကားရပ်တို့ကား ဤကျမ်းစာ၌ အကျိုးမရှိသောဒါနကို ပြုရာဝယ် မိရိုးဖလာကိုးကွယ်သော မဟာဂီရိနတ်ကို ကိုးကွယ်မှုကို ဥပမာပြု၍လာသောကြောင့် ဤ ကျမ်းစာကို ကြည့်ရှုသော လူပြိန်းတို့သည် ထိုမဟာဂီရိနတ်များကို မရှိမသေ ပြုမိကြချေလျှင် မိမိတို့ အသက်ခန္ဓာ၊ သားငယ် မြေးငယ်တို့ အသက်ခန္ဓာ၊ ဥစ္စာစည်းစိမ် ဆုံးပါးခြင်းသို့ရောက်ရာသော အချက်ကြီးတစ်ခု ဖြစ်ချေ၍ အသေအချာပြုလိုက်သော စကားရပ်တည်း။

(လယ်တီ၊ ဒါနာဒီဒီပနီ၊ စာ ၆၇၃)

http://www.dhammadownload.com



၆၇။ မေး။ ။ သရဏာဂုံဖြစ်တဲ့ ရှိခိုးမှု၊ မဖြစ်တဲ့ ရှိခိုးမှုတွေက ဘာတွေပါလဲ။

ဖြေ။ ။ ဤဝတ္ထု၊ ဤဓမ္မကို ရှိခိုးသည်ရှိသော် ငါ၏ရှိခိုးမှုသည် အပါယ်ဘေးမှလွတ်အောင် ဆောင်နိုင်သော ကုသိုလ်ပုညမှု ဖြစ်၏ဟု ရှိခိုး၏။ ထိုရှိခိုးမှုလည်း ကေန္တ အပါယ်ဘေးမှလွတ်အောင် ဆောင်နိုင်သော ကုသိုလ်ပုညမျိုး ဖြစ်အံ့။ ထိုဝတ္ထု၊ထိုဓမ္မသည် သရဏာ မည်၏။ ကိုးကွယ်ရာထိုက်သော ဝတ္ထုဓမ္မမည်၏။ ထိုသူ၏ ရှိခိုးမှုသည်လည်း သရဏာဂုံ မည်၏။

ဤဝတ္ထု၊ ဤဓမ္မကို ရှိခိုးသည်ရှိသော် ငါ၏ရှိခိုးမှုသည် အပါယ်ဘေးမှလွတ်အောင် ဆောင်နိုင်သော ကုသိုလ်ပုည ဖြစ်၏ဟု ရှိခိုးကား ရှိခိုး၏။ ထိုရှိခိုးမှုသည် ကေန္တ အပါယ်ဘေးမှလွတ်အောင် ဆောင်နိုင်သော ကုသိုလ်ပုညမျိုး မဖြစ်။ အချည်းနှီးသော ရှိခိုးမှုသာ ဖြစ်အံ့။ ထိုဝတ္ထု ထိုဓမ္မသည် သရဏာမဟုတ်။ ကိုးကွယ်ရာထိုက်သော ဝတ္ထုဓမ္မမျိုးမဟုတ်။ ထိုသူ၏ ရှိခိုးမှုသည်လည်း သရဏာဂုံ မဖြစ်။

သရဏံ ဂစ္ဆာမိ ဟု ဆည်းကပ်မှု၊ ဆောက်တည်မှုၦလည်း ဤနည်းအတိုင်း သိလေ။

(လယ်တီ၊ ဥတ္တမပုဂ္ဂိုလဒီပနီ၊ စာ ၄၈၅)

၆၈။ မေး။ ။ မြေဆီညြေဇာ၊ လယ်ခင်း၊ စပါးမျိုးစေ့တို့နဲ့ ဂုဏ်၊ ရတနာ၊ စေတနာ နှိုင်းယှဉ်ပြနိုင်ပါသလား။

ဖြေ။ ။ သဘောယုတ္တိကား . . .

◎ ဖြူစင်သော သီလ၊ သမာဓိ၊ ပညာ စသော ဂုဏ်သည် အလွန်မွန်မြတ်သော မြေဆီညြေဇာနှင့် တူ၏။

http://www.dhammadownload.com



- ထိုဂုဏ်နှင့်ပြည့်စုံသော ဘုရား၊ တရား၊ သံဃာသည် ထို မြေဆီဩဇာနှင့်ပြည့်စုံသော လယ်ခင်းနှင့် တူ၏။
- ထို ဘုရား၊ တရား၊ သံဃာကို အာရုံပြု၍ တွယ်တာ တည်စိုက်၍ မိမိသန္တာန်၌ဖြစ်သော စိတ် စေတနာသည် ထိုလယ်ခင်းမှာ စိုက်ပျိုးသော စပါးမျိုးစေ့နှင့် တူ၏။

(လယ်တီ၊ ဥတ္တမပုရိသဒီပနီ၊ စာ ၄၉၆)

**၆၉။ မေး။ ။ ကျတ်တီးကုန်းပြင်နဲ့ ကျောက်ဖျာအပြင်မှာ စိုက်ပျိုးတဲ့မျိုးစေ့နဲ့ တူသူတွေက ဘယ်သူတွေပါလဲ။**

ဖြေ။ ။ ဖြူစင်သော သီလ၊ သမာဓိ၊ ပညာ အစရှိသော ဂုဏ်မှ ကင်း၍ အချည်းနှီးသော မိစ္ဆာဝိတက်မျိုးနှင့်နေသောသူသည် အဆီဩဇာ သက်သက်မရှိသော အလွန်ခြောက်သော ကျတ်တီးကုန်းပြင်နှင့် တူ၏။ ထိုသူကို ဆိုခဲ့ပြီးသောနည်းဖြင့် ရှိခိုးသော အမှု၊ ဆည်းကပ်သော အမှုများသည် ထိုကျတ်တီးကုန်းပြင်မှာ ကြဲပျိုးသော စပါးမျိုးနှင့် တူ၏။ ကုသိုလ်ပုည မဖြစ်၊ အချည်းနှီးသာတည်း။

ကမ္မာစဉ်ဆက် လူပညာရှိ၊ ရသေ့ ရဟန်း ပုဏ္ဏား ပညာရှိတို့၏ အစဉ်၌ ထင်ရှားစွာလာခဲ့သော ကုသိုလ်တရားဖြစ်ပွားမှု နည်းလမ်းမျိုး၊ အကုသိုလ်တရား ဖြစ်ပွားမှုနည်းလမ်းမျိုး၊ ဒုစရိုက်နည်းလမ်းမျိုး၊ သုစရိုက်နည်းလမ်းမျိုး၊ သုဂတိအလား၊ ဒုဂ္ဂတိအလား နည်းလမ်းမျိုးသည် ရှိ၏။ ထိုနည်းလမ်းမျိုးတို့တွင် တစ်ခုသောနည်းလမ်းမျိုးကိုပင် ပယ်ဖျက်၍ အပြစ်ရှိသည်ကို အပြစ်မရှိ၊ အကျိုးရှိသည်ကို အကျိုးမရှိဟု အယူမိစ္ဆာရှိသောသူသည် မီးလွှဲမီးတောက်ထ၍နေသော ကျောက်ဖျာ

http://www.dhammadownload.com



အပြင်နှင့် တူ၏။ ထိုသူကို ဆိုခဲ့ပြီးသောနည်းဖြင့် ရှိခိုးသော အမှု၊ ဆည်းကပ်သော အမှုသည် ထိုကျောက်ဖျာအပြင်မှာ မျိုးကြဲသည်နှင့် တူ၏။ အကျိုးမရှိသည့်ပြင် တစ်ကိုယ်လုံးကို မီးလျှံသင့်လေသေး၏။

(လယ်တီ၊ ဥတ္တမပုရိသဒီပနီ၊ စာ ၄၉၆)

ရ၀။ မေး။ ။ သုတသရဏာဂုံဆိုတာ ဘယ်လိုသရဏာဂုံပါလဲ။

ဖြေ။ ။ ထိုသရဏာဂုံသည်...

(၁) သုတသရဏာဂုံ

(၂) ဒိဋ္ဌသရဏာဂုံ

ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတွင် သက္ကာယဒိဋ္ဌ ဝိစိကိစ္ဆာတို့၏ ပျောက်ငြိမ်းရာသော ခန္ဓာဓမ္မ၊ အာယတနဓမ္မ၊ ဓာတုဓမ္မတို့၏ အဖြစ်အပျက်ကို မြင်နိုင်သော သမ္မာဒိဋ္ဌာဏ်ကား မရှိ၊ ကြည်ညိုဖွယ်သော ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ သာသနာ့ဂုဏ်တို့ကို ကြားနာမှတ်သား သဒ္ဒါပွား၍ ဆည်းကပ်ကိုးကွယ်သော သရဏာဂုံသည် သုတသရဏာဂုံ မည်၏။ ဘုရား တရား သံဃာ ရတနာသုံးပါးကို မြင်သော သရဏာဂုံ မဟုတ်။ သာသနဓမ္မကို မြင်သော သရဏာဂုံမဟုတ်။ သာသနဓမ္မကို တွေ့သော သရဏာဂုံမဟုတ် ဟူလိုသည်။ ထို့ကြောင့်...

ယော ခေါ ဝက္ကလိ ဓမ္မံ န ပဿတိ၊
သော မံ န ပဿတိ။

(ခန္ဓဝဂ္ဂ သံယုတ္တပါဠိ)

ဟူ၍ ဟောတော်မူသည်။

http://www.dhammadownload.com



ဝက္ကလိ–ဝက္ကလိရဟန်း၊ ခေါ–စင်စစ်၊ ယော–အကြင်သူသည်၊ ဓမ္မံ–ခန္ဓာနာမ်ရုပ်တရားကို၊ နု ပဿတိ–မြင်နိုင်သောဉာဏ်မရှိ၊ သော–ထိုသူသည်၊ မံ–ငါဘုရားကို၊ နု ပဿတိ–မမြင်။

မြတ်စွာဘုရား၏ အနီးအနား၌ အမြဲနေ၍ နေ့မစဲ ညဉ့်မစဲ အမြဲရှိရှိုးပူဇော် ဖူးမြော်၍နေသော ဝက္ကလိရဟန်းကို ဟောတော်မူသော ဒေသနာတော်။

ဤဒေသနာတော်ကို ထောက်၍ မိမိကိုယ်မှာ ခန္ဓာ နာမ်ရုပ်တရားတို့ကို လည်းကောင်း၊ ခန္ဓာ နာမ်ရုပ်တရားတို့၏ ဖြစ်မှု ပျက်မှုကို လည်းကောင်း မမြင်နိုင်သောသူတို့၏ သရဏဂုံသည် ဒိဋ္ဌသရဏဂုံ မဟုတ်၊ သုတသရဏဂုံမျှသာ ဖြစ်ကြောင်းကို ဆိုနိုင် သိနိုင်ရာ သတည်း။

(လယ်တီ၊ ဥတ္တမပုဂ္ဂိုလ်ဒီပနီ၊ စာ ၄၉၇)

**ရာ။ မေး။ ။ ဒိဋ္ဌသရဏဂုံဆိုတာ ဘယ်လိုသရဏဂုံပါလဲ။**

ဖြေ။ ။ ဒိဋ္ဌသရဏဂုံဆိုသည်ကား သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့၏ ပျောက်ပြိမ်းရာသော ခန္ဓာ အာယတန ဓာတ်တို့ကိုလည်းကောင်း၊ ထိုခန္ဓာအာယတနဓာတ်တို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း မြင်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံသောသူ၏ သရဏဂုံသည် ဒိဋ္ဌသရဏဂုံ မည်၏။ ဘုရား တရား သံဃာ ရတနာသုံးပါးကို မြင်ရသော သရဏဂုံ၊ တွေ့ရသော သရဏဂုံ ဆိုလိုသည်။

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

(ခန္ဓဝဂ္ဂသံယုတ္တ ပါဠိတော်၊ အနက်လွယ်ပြီ။)

(လယ်တီ၊ ဥတ္တမပုဂ္ဂိုလ်ဒီပနီ၊ စာ ၄၉၇)

http://www.dhammadownload.com



၇၂။ မေး။ ။ ဒီဋ္ဌ + သုတသရဏဂုံတို့ရဲ့ ထူးခြားပုံကို ဆေးဆရာ ဥပမာနဲ့ နှိုင်းယှဉ်ပြပါ။

ဖြေ။ ။

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
တေ ခေါ သရဏံ ခေမံ၊ တေ သရဏာ မုတ္တမံ။
တေ သရဏာ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(ဓမ္မပဒပါဠိတော်)

ဒုက္ခံ = ဒုက္ခသစ္စာကိုလည်း၊ ပဿတိ = မြင်၏။ ဒုက္ခသမုပ္ပါဒံ = ဒုက္ခဖြစ်ပွားကြောင်းကိုလည်း၊ ပဿတိ = မြင်၏။ ဒုက္ခဿ စ အတိက္ကမံ = ဒုက္ခကို လွန်မြောက်ရာ နိဗ္ဗာန်ကိုလည်း၊ ပဿတိ = မြင်၏။ ဒုက္ခူပသမဂါမိနံ = ဒုက္ခ၏ ငြိမ်းမှုသို့ ဆိုက်စေတတ်သော၊ အရိယ အဋ္ဌင်္ဂိကံ မဂ္ဂံ = အဋ္ဌင်္ဂိက အရိယမဂ်ကိုလည်း၊ ပဿတိ = မြင်၏။ ခေါ = စင်စစ်၊ တေ = ဤအမြင်လေးချက်သည်သာလျှင်၊ ခေမံ = ဘေးကင်းသော၊ သရဏံ = ကိုးကွယ်ရာဖြစ်၏။ တေ = ဤအမြင်လေးချက်သည်သာလျှင်၊ ဥတ္တမံ = မြတ်သော၊ သရဏံ = ကိုးကွယ်ရာဖြစ်၏။ တေ သရဏံ = ဤကိုးကွယ်ရာကို၊ အာဂမ္မ = ဆည်းကပ်၍၊ ဝါ =ရောက်၍ ရ၍၊ သဗ္ဗဒုက္ခာ = အလုံးစုံသော ဝဋ်ဒုက္ခမှ၊ ပမုစ္စတိ = လွတ်နိုင်၏။

ဤကား ဒီဋ္ဌသရဏဂုံတည်း။

http://www.dhammadownload.com



ဥပမာဆိုဦးအံ့ ...

ကြီးစွာသော နူနာစွဲကပ်၍ ဒုက္ခပြင်းစွာ ခံနေရသောသူနှစ်ယောက် သည် ရှိသတတ်။ နူနာကြီးမျိုးကို ပျောက်အောင် ကုစားနိုင်သော ဝိဇ္ဇာမယဆေးသမားကြီးလည်း ရှိ၏။ တစ်ယောက်သောသူသည် ဆေး ဆရာနှင့် ယူဇနာတစ်ရာ ကွာဝေး၏။ ဆေးဆရာကြီးကို မမြင်ဘူးပေ။ ဆေးဆရာကြီးအထံမှ အဆင့်ဆင့်ယူဆောင်၍ ရောက်လာသော ဆေး ကို တွေ့ရ၍ ကောင်းစွာမှီဝဲခြင်းကြောင့် နူနာကြီး အကုန်ပျောက်၍ မိမွေးတိုင်း ဘမွေးတိုင်း ရှိလေ၏။

တစ်ယောက်သောသူသည်ကား ဆေးဆရာကြီးအိမ်မှာ တွယ်တာ၍နေ၏။ ဆေးကိုမူကား ခါးသည် နံသည်ဟု မသောက်မမျို။ ဆေး သမားကြီး၏ ဘုန်းလာဘ်ကို မှီ၍ အစားအသောက်ကိုသာ အားထုတ် ၏။ အနာတိုးမူသာ ရှိ၏။ နူနာကြီးပျောက်ငြိမ်းသောသူသာလျှင် ဆေး ဆရာကြီး၏ ပညာစွမ်း၊ ဆေး၏အစွမ်းကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရ သောသူ ဖြစ်၏။ ဆေးဆရာကြီး၏အိမ်မှာ တွယ်တာမှီကပ်၍ နေရ သောသူသည်ကား ဆေးဆရာကြီး၏ ပညာစွမ်း၊ ဆေး၏အစွမ်းကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရသောသူမဟုတ်။ ဆေးဆရာကြီး၏ ပညာစွမ်း၊ ဆေး၏အစွမ်းကို နားမှာ ကြားသိရုံမျှသာ ရှိ၏။ ဤဥပမာအတိုင်း မှတ်လေ။

ထို့ကြောင့် ပြဆိုခဲ့ပြီးသော ကောသလ္လဌာန ခုနစ်ပါးတို့၌ ကော သလ္လအဖြစ်သို့ ရောက်ခြင်းငှာ ကောင်းစွာအားထုတ်၍နေသောသူသည် ဗုဒ္ဓသရဏုံ၊ ဓမ္မသရဏုံ၊ သံဃသရဏုံကို တမင်ဆောက်တည်ဖွယ်

http://www.dhammadownload.com



ကိစ္စ မရှိ။ ဘုရားသွားဖွယ်ကိစ္စမရှိ။ ထိုအလုပ်ကို အားမထုတ်နိုင်သော သုတသရဏဂုံသမားတို့၏ အမှုသာတည်း။

သုတသရဏဂုံသမားတို့၏ သရဏဂုံသည်ကား ယနေ့ ငါတို့ ဘုရားတပည့်၊ နက်ဖြန်ခါ ဘုရားတစ်ပါး ပြောင်းနိုင်၏။

ဒိဋ္ဌသရဏဂုံသမားမူကား အသက်ကို အသေခံလျှင်သာခံတော့မည်။ စိတ်စေတနာနှင့်တကွ ဘုရားတစ်ပါး မပြောင်းနိုင်ပြီ။

(လယ်တီ၊ ဥတ္တမပုဂ္ဂိုလ်ဒီပနီ၊ စာ ၄၉၇)

**ရဉ။ မေး။ ။ ဘုရားရှင်ကို ကြည်ညိုပုံ ၃ မျိုးက ဘာတွေပါလဲ။**

ဖြေ။ ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကြည်ညိုကိုးကွယ် လျှုဒါန်းပူဇော်ကြရာ၌ ကျမ်းဂန်ဆိုရိုက်နှင့် မြတ်စွာဘုရား၏ သဏ္ဌာန်ကို စိတ်မနောထဲတွင် မှန်းဆ၍ ရည်ရွယ်ခြင်းသည် အလွန်မှိန်မှေး၏။ ကားပေါ်၌ မြတ်စွာဘုရားသဏ္ဌာန်တော်ကို ရုပ်ပုံတော်ရေးသား ၍ မြတ်စွာဘုရားသဏ္ဌာန်တော်ကို ကြည်ညိုရခြင်းသည် စိတ်မနောထဲတွင် မှန်းဆ၍ ကြည်ညိုရသည်ထက် အဆအရာမက စိတ်အားကောင်း၏။

ထိုကားပေါ်၌ ရုပ်ပုံတော်ကို ကြည်ညိုရသည်ထက် အုတ်ရိုးရုပ်ပုံတော်၊ သစ်သားရုပ်တုတော်၊ ကျောက်ရုပ်တုတော်၊ ကြေးရုပ်တုတော်များကို ဖူးမြော်ကြည်ညိုရခြင်းသည် အဆအရာမက စိတ်အားကောင်း၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၄-၁၅)

http://www.dhammadownload.com



ရဂ္ဂ။ မေး။ ။ ဘုရားရှင်ပုံတော်၊ ရုပ်ထုတော်တို့ကို ပူဇော်ရကျိုး တွေက ဘာတွေပါလဲ။

ဖြေ။ ။ ထိုရုပ်တုသဏ္ဌာန်တော်များသည် မြတ်စွာဘုရား သဏ္ဌာန်တော်နှင့် ဆက်စပ်လျက်ရှိသည်ဖြစ်၍ ထိုရုပ်ပုံ၊ ရုပ်တုတော်များကို မြင်သည်နှင့်တစ်ပြိုင်နက် ဘုရား ဘုရား ဟူ၍ မြတ်စွာဘုရားကို အာရုံပြု၍ အားကောင်းစွာ ဖြစ်ပေါ်လာသော ထိုကုသိုလ်စိတ်များသည် သံသရာအကျိုးကို အလိုရှိသောသူတို့အား နောင်သံသရာ၌ ဘဝများစွာ လူချမ်းသာ၊ နတ်ချမ်းသာကို ပေးနိုင်၏။ ရုပ်ပုံတော်၊ ရုပ်တုတော်များကို ဝတ်နိဗဒ်ထား၍ အမြဲပူဇော်သောသူများမှာ နောင်ဘဝ ထောင်သောင်းမကပင်သော်လည်း မရဏာသန္နဇောသည် အခွင့်သာတိုင်း ထင်လာတတ်၏။ ထင်လာခဲ့သော် ''ဗုဒ္ဓဿ ပူဇံ မဟာတေဇ ဝန္တော''ဟူသော ပါဠိနှင့်အညီ အလွန်တန်ခိုးကြီးသော လူ့ဘဝ၊ နတ်ဘဝကို ဖြစ်စေတတ်၏။ အကုသိုလ်ကံတစ်ပါးကြောင့် အပါယ်ငရဲသို့ ကျရောက်၍သွားသော်လည်း ရုပ်ပုံတော်၊ ရုပ်တုတော်များသည် အပါယ်ငရဲမှာ မရဏာသန္နအခါ ထင်လာတတ်၏။ ထင်လာသည်ရှိသော် လူ့ဘုံ၊ လူ့ဘဝ၊ နတ်ဘုံ၊ နတ်ဘဝသို့ ရောက်စေတတ်၏။ ငရဲမင်းကြီးတို့၏ စစ်ဆေးရာဌာနမှာ ထင်လာသည်ရှိသော် ထိုခဏ၌ပင် ငရဲမှ စုတေ၍ လူ့ဘုံ၊ လူ့ဘဝ၊ နတ်ဘုံ၊ နတ်ဘဝသို့ ရောက်လာတတ်၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၅)

http://www.dhammadownload.com



**၎၅။ မေး။ ။ ငရဲမင်းကြီးရဲ့ စစ်ဆေးရာဌာနက ဘာပါလဲ။**

ဖြေ။ ။ ငရဲကြီး (၈)ဘုံတွင် တစ်ဘုံတစ်ဘုံ၌ အလယ်မှာ ငရဲခံရာဌာနကြီးသည် ယူဇနာများစွာ ကျယ်ဝန်းလျက်ရှိ၏။ ထိုဌာနကြီးကို ဝန်းရံ၍ ကုန်းရံကပတ် တောတောင်အရပ် မြေလပ်မြေလွတ်သည် များစွာရှိ၏။ ထိုမြေလပ်မြေလွတ်တွင် အရပ်လေးမျက်နှာမှ ငရဲမင်းကြီးတို့၏ ရုံးတော်ကြီးတစ်ခုစီ ရှိ၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၅-၁၆)

**၎၆။ မေး။ ။ ငရဲမင်းကြီး၊ ငရဲထိန်းတို့ကား ဘယ်လိုပုဂ္ဂိုလ်တွေ ပါလဲ။**

ဖြေ။ ။ ငရဲမင်းကြီးဆိုသည်ကား စတုမဟာရာဇိနတ်မျိုးတို့တွင် အကျူးဝင်သော ယမခေါ်သော နတ်ပြိတ္တာတန်ခိုးကြီးမျိုးပေတည်း။ အပါယ် ပြိတ္တာမျိုး မဟုတ်။ ငရဲပြည်၌ ငရဲသားတို့ကို အထူးထူးအထွေထွေ ပြုလုပ်နှိပ်စက် ညှဉ်းပန်းကြကုန်သော ငရဲထိန်းဆိုသူတို့သည်လည်း စတုမဟာရာဇိဘုံတွင် အကျူးဝင်သော အလွန်ကြမ်းတမ်းယုတ်မာလှကုန်သော ဘီလူးမျိုး၊ ရက္ခိုသ်မျိုးတို့ပေတည်း။

ဤလူ့ပြည်မှ စုတေ၍ ငရဲဘုံသို့ ရောက်ကြကုန်သောသူတို့သည် နှစ်မျိုးရှိကြကုန်၏။

၁။ အကုသိုလ်ကံ အားကြီးလှသောသူတစ်မျိုး

၂။ ကုသိုလ်ကံ၊ အကုသိုလ်ကံနှစ်ပါး ရောနှောလျက်ရှိကြကုန်သောသူတစ်မျိုး

http://www.dhammadownload.com



ထိုနှစ်မျိုးတို့တွင် အကုသိုလ်ကံ အားကြီးလှသောသူတစ်မျိုးမှာ လူပြည်က စုတေလျှင် အပါယ်ငရဲခံရောဌာနသို့ ဦးတိုက်ကျရောက်၍ ငရဲဒုက္ခကို ခံကြရကုန်၏။ ငရဲမင်း၊ ငရဲထိန်းတို့နှင့် မဆိုင်ပြီ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ပါး ရောနှောလျက်ရှိသောသူများမှာ လူပြည်မှ စုတေ၍ ငရဲဘုံသို့ ရောက်ကြကုန်သည်ရှိသော် အလယ်ငရဲခံရောဌာနသို့ မရောက်ကြကုန်မူ၍ ကုန်းရံကပတ် မြေလပ်တောတောင်တို့၌ ငရဲသားဥပပတ်အကောင်မျိုးတွေ ဖြစ်ကြရကုန်၏။ ထိုသူတို့သည်သာလျှင် ငရဲမင်း၊ ငရဲထိန်းတို့နှင့် စပ်ဆိုင်ကြကုန်၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၆)

**ဂဂ။ မေး။ ။ ငရဲမင်းကြီး ကယ်တင်လို့ရနိုင်တဲ့ ငရဲသားတွေက ဘယ်လို ငရဲသားတွေပါလဲ။**

ဖြေ။ ။ ငရဲထိန်းခေါ်သော ရက္ခိုဿ၊ ဘီလူးတို့သည် ဤလူ့ဘုံမှ ငရဲပြည်သို့ သွားကြကုန်၍ မြေလပ်တောတောင်၌ ကျရောက်ရှိနေကြကုန်သော ငရဲသားတို့ကို ဖမ်းယူကြကုန်ပြီးလျှင် ငရဲအပြင်သို့ ယူဆောင်ကြကုန်၍ ''ဒွတ္တိံသ ကမ္မကရဏာ'' ခေါ်သော ၃၂ မျိုးသော ညှဉ်းဆဲခြင်းကံကြမ္မာမှုတို့ကို ပြုကြကုန်၏။ ယမမင်းတို့သည် ငရဲပြည်သို့ သွားကြကုန်၍ ရုံးတက်ကြကုန်၏။ ငရဲထိန်းတို့အပေါ်၌ သင်တို့သည် ငရဲသားတို့ကို ဖမ်းယူရရှိကုန်သည်ရှိသော် ငရဲအပြင်သို့ မချကြကုန်လင့်ဦး။ ငါတို့ရုံးတော်သို့ ပို့လာကြကုန်ရမည်။ ငါတို့ စစ်ဆေးဦးမည်ဟူ၍ အမိန့်ပေးထားကြကုန်၏။ ငရဲထိန်းတို့သည် ဖမ်းယူရရှိ

http://www.dhammadownload.com



သမျှသော ငရဲသားတို့ကို ရုံးတော်သို့ ပို့လာကြရကုန်၏။ ယမမင်းတို့သည် ငရဲသားတို့ကို ခေါ်ကြကုန်၍ ''သင်တို့သည် ရှေးလူဖြစ်ကြစဉ် အခါ၌ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုများကို အောက်မေ့ကြကုန်လော''ဟု ဆိုကြကုန်၏။ ယမမင်းတို့သည်လည်း ဤသူတို့သည် လူဖြစ်စဉ်အခါ၌ ဘယ်ကုသိုလ်မှုများကို ပြုခဲ့ကြဖူးလေသနည်းဟု နှတ်မျက်စိနှင့် ကြည့်ရှုရှာကြံကြကုန်၏။ ငရဲသားတို့သည် လူဖြစ်စဉ်အခါ၌ မိမိတို့ ပြုခဲ့ကြဖူးသော ဒါနမှု၊ သီလမှု၊ ဘာဝနာမှု တစ်စုံတစ်ခုကို အမှတ်ရကြကုန်သည်ရှိသော် ထိုကုသိုလ်ကံသည် အကျိုးပေးခွင့်ရ၍ ထိုခဏ၌ စုတေပြီးလျှင် ထိုကံ၏အစွမ်းဖြင့် လူ့ဘုံ၊ လူ့ဘဝ၊ နတ်ဘုံ၊ နတ်ဘဝသို့ ရောက်လာကြကုန်၏။ ငရဲသားဖြစ်သူက အမှတ်မရနိုင်ရှိ၍ ငရဲမင်းကြီးများက သူတို့ပြုခဲ့သော ရှေးကောင်းမှုကို ရှာကြံတွေ့မြင်ခဲ့သည်ရှိသော် ''ဘယ်သူသည် ဘယ်ကုသိုလ်ကို ပြုခဲ့သည်မဟုတ်လော၊ ဘယ်သူသည် ဘယ်ကောင်းမှုကို ပြုခဲ့ဖူးသည် မဟုတ်လော'' ဟု သတိပေးကြကုန်၏။ သတိပေးတိုင်း ငရဲသားတို့သည် အမှတ်ရပြန်လျှင်လည်း ထိုခဏ၌ စုတေ၍ လူ့ဘဝ၊ နတ်ဘဝသို့ ရောက်လာကြကုန်၏။

[ကုသိုလ်ပြုကြပြီးသောအခါ ယမမင်းတို့ကို အထူးအမျှဝေရခြင်းသည် ဤစစ်ဆေးခန်းတွင် ယမမင်းတို့က ''သင်သည် ဘယ်ကုသိုလ်ကို ပြုပြီးသောအခါ၌ ငါတို့ကို အမျှဝေဖူးသည်၊ ငါတို့သည် သာဓုခေါ်ရဖူးသည်''ဟု ယမမင်းတို့က သက်သေခံကြစေရန် အခွင့်ကြီးပေတည်း။]

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၇-၁၈)

http://www.dhammadownload.com



**၎၈။ မေး။ ။ ငရဲမင်းကြီး ကယ်တင်လို့မရတဲ့ ငရဲသား တွေက ဘယ်လို ငရဲသားတွေပါလဲ။**

ဖြေ။ ။ အချို့သောငရဲသားတို့သည်ကား ရှေးဘဝ၌ လူ ဖြစ်စဉ်အခါ ကုသိုလ်ကောင်းမှုကို အောက်မေ့၍မရကြကုန်။ ယမ မင်းတို့သည်လည်း သူတို့ပြုသော ကုသိုလ်ကောင်းမှုကို ရှာကြံ၍ မရကြကုန်။ ထိုသူတို့ကိုမူကား ယမမင်းတို့သည် မကယ်ဆယ်နိုင် ကြကုန်။ မျက်နှာလွှဲ၍သာ နေကြရကုန်၏။ ထိုအခါ ငရဲထိန်းတို့သည် အတင်းယူဆောင်၍ အလယ်ငရဲခံရာဌာနဌ၌ ၃၂ ပါးသော ညှဉ်းဆဲမှု တို့ကို ပြုလုပ်ကြကုန်၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၈)

**၎၉။ မေး။ ။ ငရဲကျရောက်ပြီးမှ တစ်ခဏချင်း ပြန်လွတ် လာသူတွေ ရှိပါသလား။**

ဖြေ။ ။ အချို့သောငရဲသားတို့သည်ကား ထိုမြေလပ်သို့ ကျရောက်၍ သွားကြရာ ငရဲအပြင်မှ ငရဲမီးရောင် ထိန်ထိန်လင်းလင်းကို မြင်ကြသည့်အခါ လူ့ဘဝ၌ စေတီတော်၊ ရုပ်ပွားတော်၊ ဆင်းတု တော်များမှာ မီးပူဖော်ခဲ့ဖူးသောကုသိုလ်ကို အမှတ်ရသဖြင့် ထိုခဏ၌ လွတ်၍ လူ့ဘဝသို့ ရောက်လာကြသော ဝတ္ထုများ ရှိ၏။

ငရဲမီးဟုန်းဟုန်း ဟုန်းဟုန်းမြည်သံကို ကြား၍ လူ့ဘဝ၌ တံခွန် ကို လှူခဲ့ရာ ထိုတံခွန်ကို လေခပ်၍ ဟုန်းဟုန်းမြည်သံနှင့်တကွ ထို ကုသိုလ်ကို အမှတ်ရသဖြင့် ထိုခဏ၌ လွတ်၍လာကြသော ဝတ္ထုများ လည်း ရှိ၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၈)

http://www.dhammadownload.com



**၈၀။ မေး။ ။ သံဃာကို ပြစ်မှားလို့ အရှင်လတ်လတ် ငရဲကျသူ ရှိခဲ့ပါသလား။**

ဖြေ။ ။ ဗာရာဏသီပြည်၌ ရေဝတီဆိုသော မိန်းမသည် ရဟန်းသံဃာတော်များကို အလွန်ပြစ်မှားဆဲရေး၏။ ယမမင်းသည် ငရဲထိန်း ဘီလူး သဘက်နှစ်ယောက်ကို စေလွှတ်၍ ယူဆောင်စေပြီး လျှင် အရှင်လတ်လတ် ငရဲသို့ ပစ်ချသော ဝတ္ထုသည် ရေဝတီဝိမာန ဝတ္ထုပါဠိတော်တွင် လာ၏။ လူပြည်မှာလည်း အချို့သောသူတို့သည် သေခါနီးအခါ၌ ''လူနက်ကြီးတွေ လာပါသည်၊ လူနက်ကြီးတွေ ဝိုင်းပါသည်၊ ငါ့ကို ဆွဲပါသည်၊ ငင်ပါသည်၊ တုတ်ပေးပါ၊ ဓားပေးပါ''ဟု ထိတ်လန့်မြည် တမ်း၍ သေကြသည်မှာလည်း အများရှိကြ၏။ ငရဲထိန်းတို့၏ ယူမှုပင်တည်း။

ဤတွင်ရွေ့ကား ရုပ်ပုံတော်၊ ရုပ်တုတော်၊ ဆင်းတုတော်ကို ကြည်ညိုကိုးကွယ်မှု၊ လှူဒါန်းပူဇော်မှုသည် ယမမင်းတို့၏ စစ်ခန်း ကြောခန်းတွင် အလွန်ကျေးဇူးများပုံကို ပြဆိုချက်ပေတည်း။

(လယ်တီ၊ သာသနပဒီပနီ၊ ပထမတွဲ၊ စာ ၁၈-၁၉)

**၈၁။ မေး။ ။ ဘုရားရုပ်ပုံတော်ကို ကိုးကွယ်တာဟာ ကုသိုလ် ဖြစ်ပါသလား။**

ဖြေ။ ။ ဤအရာ၌ အချို့သောသူတို့ကား ဘုရားဆိုလျှင် ဂုဏ်တော် ၉ ပါးရှိမှ ဘုရားအမှန်ဖြစ်သည်။ ဂုဏ်တော် ၉ ပါး မရှိ လျှင် ဘုရား မဟုတ်သည်ကို ဘုရားလုပ်၍ ကိုးကွယ်လျှင် အကျိုးမရှိ၊ ထိုရုပ်ပုံ၊ ရုပ်တုဟု ဆိုအပ်သော စက္ကူ၊ မြေကြီး၊ သစ်သား၊ ကျောက်၊

http://www.dhammadownload.com



ကြေးတို့၌ ဘုရားဂုဏ်ဟူ၍ မြူမျှမရှိ။ ထို့ကြောင့် ထိုရုပ်ပုံ၊ ရုပ်ထု၊ ရုပ်ပွားတို့ကို ကိုးကွယ်ခြင်းသည် အကျိုးမရှိ။ ထိုရုပ်ပွားတို့ကို လှူဒါန်းပူဇော်ခြင်းသည် အကျိုးမရှိဟု ဆိုကြကုန်၏။

ထိုရုပ်ပုံ၊ ရုပ်ထု၊ ရုပ်ပွားသည်ပင်လျှင် ဘုရားအစစ်ဖြစ်၏။ ထိုအုတ်မြေ၊ ထိုသစ်သား၊ ထိုကျောက်၊ ထိုကြေးများသည်ပင်လျှင် ဘုရားအစစ်ဖြစ်၏ဟု မှတ်ယူကိုးကွယ်သောသူမှာ ဆိုဖွယ်ရာရှိ၏။ ယခု စေတီ၊ ပုထိုး၊ ရုပ်ပုံ၊ ရုပ်ထု၊ ဆင်းတုများကို ကိုးကွယ်ပူဇော်လှူဒါန်းကြသောသူအပေါင်းတို့သည်ကား သိဒ္ဓတ်မင်းမှဖြစ်သော အရှင်ဂေါတမအမည်ရှိသော ဘုရားအစစ်ကို သိပြီးဖြစ်ကြကုန်၏။

''ကွတိပိ သော ဘဂဝါ'' အစရှိသော ဂုဏ်တော် ၉ ပါးသည် ထိုဘုရားအစစ်၌သာ ရှိသည်ဟု သိပြီးဖြစ်ကြကုန်၏။ အယုတ်ဆုံးအားဖြင့် ထိုဘုရားအစစ်သည် လူ့လောက၊ နတ်လောက၊ ပြဟ္မာလောကတွင် အတုမရှိ အထွတ်အမြတ်ကြီး ဖြစ်တော်မူ၏ဟု ယုံကြည်ကြ၏။ ထိုအစစ်၏ ရုပ်သွင်တော်၊ ရုပ်သဏ္ဌာန်တော်များကိုပင် အလွန်ဖူးမြင်ချင်ကြ၏။ သို့သော် ပရိနိဗ္ဗာန်စံလွန်ပြီးဖြစ် ၍ ဖူးမြင်ခွင့် မရကြကုန်။

ဘုရားအစစ်၏ ရုပ်ပုံတော်၊ သဏ္ဌာန်တော်များကို ဖူးမြင်ခွင့် မရရှိကြသည့်အတွက် ထိုဘုရားအစစ်၏ ရုပ်ပုံတော်၊ သဏ္ဌာန်တော်များနှင့် အသွင်ဆင်တူသော ရုပ်ပုံ၊ ရုပ်တု၊ ဆင်းတုများကိုပင် အလွန်ဖူးမြင်လိုကြ၏။ အသွင်အဆင်တူသော ရုပ်ပုံတော်၊ ဆင်းတုတော်များကို ကြည်ညိုစွာ ဖူးမြော်ပူဇော်ကြသောအခါ၌ ထိုသူတို့၏ စိတ်မနောတို့သည် ဘုရားအစစ်ဖြစ်သော မြတ်စွာဘုရားသို့ ဆိုက်ရောက်၍ သွားကြကုန်သည်ချည်းသာ ဖြစ်ကြကုန်၏။

http://www.dhammadownload.com



ရှိခိုးပူဇော်စဉ်အခါ နှုတ်မှ ရွတ်ဆိုကြသော ''ကတိပိ သော ဘဂဝါ'' အစရှိသော ဂုဏ်တော်များသည် ဘုရားအစစ်၌ ရှိသော ဂုဏ်တော်များပေတည်းဟု အမှန်သိ၍ ရွတ်ဆိုကြခြင်း ဖြစ်၏။

ထို့ကြောင့် ရုပ်ပုံတော်၊ ရုပ်ထုတော်၊ ရုပ်ပွားတော်များကို ကိုးကွယ်ပူဇော် လှူဒါန်းကြခြင်းသည် အလွန်ကြီးမြတ်သော ကုသိုလ်ဌာနကြီးတစ်ပါး ဖြစ်ပေသတည်း။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၉-၂၀)

**၈၂။ မေး။ ။ ဘုရားရုပ်ပုံတော်ကို ကိုးကွယ်ရင် အကျိုးမရှိပါဟု ပြောရင် အကုသိုလ်ဖြစ်ပါသလား။**

ဖြေ။ ။ ဤလောကဌ်လည်း မည်သည့်ပုဂ္ဂိုလ်ကြီးသည် အလွန် သီလဂုဏ် ကြီးမြတ်သည်၊ သမာဓိဂုဏ် ကြီးမြတ်သည်၊ ပညာဂုဏ် ကြီးမြတ်သည်ဟု ကြားသိကြလျှင် အလွန်ကြည်ညိုသော စိတ် ဖြစ်ပွားကြ၏။ ထိုပုဂ္ဂိုလ်ကြီးကို ဖူးမြင်လိုသောစိတ်သည် အလွန် ထက်သန်လျက် ရှိကြ၏။ ထိုပုဂ္ဂိုလ်ကြီးရှိရာသို့ ကိုယ်တိုင် သွား၍ပင် ဖူးမြော်ကြ၏။ မသွားတဲ့နိုင်ရှိခဲ့သော် ဓာတ်ပုံရိုက်၍ထားသော ထိုပုဂ္ဂိုလ်ကြီး၏ ရုပ်ပုံတော်များ ရှိသည်ဆိုလျှင် ဝယ်ယူ၍ ခေါင်းရင်းမှာ မြင့်မြတ်ရာ၌ ထား၍ ကြည်ညိုကြ၏။ ထိုအမှုသည် အလွန်ကောင်း မြတ်သောအမှု ဖြစ်ပေ၏။

တစ်စုံတစ်ယောက်သောသူသည် ထိုဓာတ်ပုံမှာ သီလဂုဏ် စသောဂုဏ်ဟူ၍ အဏုမြူမျှ မရှိ။ ထိုဓာတ်ပုံကို ကြည်ညိုခြင်း အကျိုး

http://www.dhammadownload.com



မရှိဟု ဆိုခဲ့သော် ထိုသို့သောသူသည်သာလျှင် လူပြိန်း၊ လူဖျင်း၊ လူရူး၊ လူနှမ်း၊ လူမိုက်၊ လူမှား ဖြစ်လေ၏။ ထိုသူမှာ အကုသိုလ် တရား ဖြစ်ပွားလေ၏။

ဘုရားရှစ်ပုံ၊ ရှပ်ပွား၊ ရှပ်တု၊ ဆင်းတု ကိုးကွယ်မှုကို အကျိုး မရှိဟုဆိုသောသူသည်မူကား အကုသိုလ်တရား ဘယ်မျှလောက် ကြီးပွားသည်ဟု ဆိုနိုင်ဖွယ်ရာမရှိ၊ ''ဗုဒ္ဓဂုဏော အနန္တော'' စသည်ဖြင့် လာသော ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃဂိုဏ်း၊ အမိအဖဂိုဏ်း၊ ဆရာ ဂိုဏ်းဟု ဆိုအပ်သော ဂိုဏ်းကြီးငါးပါးတို့တွင် ဗုဒ္ဓဂိုဏ်းသင့်သောသူ မည်၏။ ဗုဒ္ဓစိမ်ရေ၊ ဓမ္မစိမ်ရေ စသည်ဖြင့် လာသော စိမ်ရေကြီးငါးပါး တို့တွင် ဗုဒ္ဓစိမ်ရေသင့်သောသူ မည်၏။ (စိမ်ရေဆိုသည်ကား ဘုရား စသည်တို့၌ ပြစ်မှားကျူးလွန်မှုကို ဆိုပေသတည်း။)

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၂၀-၂၁)

**၈၃။ မေး။ ။ ဗုဒ္ဓစိမ်ရေ သင့်ရင် ဘယ်လိုဆိုးကျိုး ခံစားရပါ သလဲ။**

ဖြေ။ ။ ထိုသူသည် ထိုစကားကို စိတ်ရောကိုယ်ပါ တွင်ကျယ် စွာ ပြောဟောသည်ရှိသော် ယခုဒိဋ္ဌဝေဒနီယကံကြီး၊ ပန်းနာကြီး အစရှိသော အနာဆိုး၊ ရောဂါဆိုးနှင့် တွေ့တတ်၏။ သေခါနီးအခါ၌ မမြင်ဝံ့၊ မရွှတ်ဝံ့၊ ဖောက်လဲဖောက်ပြန်ဖြစ်၍ သေရတတ်၏။ သေသည့် နောက် ၌ အလွန်နက်နဲသော ငရဲ၌ ကျရောက်တတ်၏။ သတိကြီးကြီး ထားကြကုန်။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၂၁-၂၂)

http://www.dhammadownload.com



**၉၄။ မေး။ ။ တရားတော်ကို ဘယ်လိုကိုးကွယ်ရပါမလဲ။ ကိုးကွယ်ရင် ဘယ်လို အကျိုး ရပါသလဲ။**

ဖြေ။ ။ တရားတော်ကို ကြည်ညိုကိုးကွယ် ပူဇော်လျှုဒါန်း ကြရာ၌ ပိဋကတ်သုံးပုံ၊ ပါဠိတော်၊ ဒေသနာတော်ဟု ဆိုအပ်သော အက္ခရာ ပုဒ်ပါဠိ–နာမပညတ်အစဉ်သည် မြတ်စွာဘုရား၏ ခံတွင်း တော်မှ ထွက်သော ပါဠိဓမ္မ–နာမပညတ်တော်လည်း ရှိ၏။ နောက် ပေထက်အက္ခရာ၌ ရေးတင်၍ထားအပ်သော အက္ခရာပုဒ်ပါဠိ–နာမ ပညတ်လည်း ရှိ၏။

## ပုဏ္ဏားတစ်ယောက်ဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်၌ ပုဏ္ဏားတစ်ယောက်သည် တရားတော်ကို အဘယ်သို့ ပူဇော်ရပါမည်နည်းဟု မြတ်စွာဘုရား အား လျှောက်ထား၏။ တရားကို ဆောင်သောပုဂ္ဂိုလ်ကို ပူဇော်လျှင် တရားတော်ကို ပူဇော်ခြင်း ဖြစ်၏ဟု ဟောတော်မူ၏။ ထိုအခါ ထို ပုဏ္ဏားသည် အဘယ်ပုဂ္ဂိုလ်သည် တရားတော်ကို ဆောင်ပါသနည်း ဟု ရဟန်းသံဃာတော်အား မေးလျှောက်၏။ အရှင်အာနန္ဒာသည် ပါဠိဒေသနာတရားတော်တို့ကို များစွာ ဆောင်ရွက်သည်ဟု ရဟန်း သံဃာတော်များက ပြောကြား၏။ ထိုအခါ ပုဏ္ဏားကြီးသည် တရား တော်ကို ရည်စူး၍ အရှင်အာနန္ဒာအား ချောမွေ့သော သက်နှံးတစ်စုံ ကပ်လှူ၏။ အရှင်အာနန္ဒာက ထိုသက်နှံးတစ်စုံကို အရှင်သာရိပုတ္တရာ အား လှူသည်ဟု ကျမ်းဂန်ဝတ္ထု ရှိ၏။

http://www.dhammadownload.com

## ပေစာဘုတ်အုပ် ပူဇော်နည်း

ထိုသို့လျှံရခြင်းသည်လည်း ပေထက်အကွာရောတင်ပြီး ကျမ်းဂန်ပါဠိ မရှိသေးသည်ဖြစ်၍ ထိုအတုကိုလိုက်၍ ယခုကာလ၌ အုန်း၊ ငှက်ပျော စသော ပူဇော်ဖွယ်များကို ပြုလုပ်ကြပြီးလျှင် တရားဟောပုဂ္ဂိုလ်ကို ပူဇော်ကြမြဲဖြစ်၏။ သို့ရာတွင် ထိုပိဋကတ်သုံးပုံတရားတော်များသည် ပေစာ ဘုတ်အုပ်စာတို၌ ရောက်ရှိပြီးဖြစ်၍ တရားတော်ကို ပူဇော်လိုလျှင် ပေစာ၊ ဘုတ်အုပ်စာတို့ကို တင့်တယ်စွာ ခင်းကျင်း၍ ပန်း၊ ဆီမီး၊ ထီး၊ တံခွန် စသည်တို့ဖြင့် ပူဇော်ရမည်။

ဆရာတော်သည် သကြွေန်အခါ၊ ဝါဝင်ဝါကျွတ်အခါတို့၌ ပန်း၊ ဆီမီး၊ ထီး၊ တံခွန် စသည်တို့ဖြင့် ဓာတ်တော်၊ မွေတော်၊ ရုပ်ပွားတော်၊ ဆင်းတုတော်များကို ပူဇော်သောအခါ ပိဋကတ်သုံးပုံပါဠိတော်စာထုပ်ဘုတ်အုပ်တို့ကို ရုပ်ပွား၊ ဆင်းတုတော်နှင့်အတူ ပူဇော်ခဲ့လေ့ပေပြီ။ အချို့လူအများတို့သည် ဤကဲ့သို့ ပူဇော်ရမှန်းကို မသိကြလေ။ မြတ်စွာဘုရားလည်း ထိုပိဋကတ်သုံးပုံပါဠိတော်ကြီးကို ငါဘုရား၏ ကိုယ်စား၊ ငါဘုရား၏ ကိုယ်ပွား ဘုရားပင် ဖြစ်သည်ဟု ဟောတော်မူ၏။

## ပိဋကတ်တော်ဘုရား

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

(မဟာပရိဗ္ဗာနသုတ်ပါဠိတော်ကြီး)

http://www.dhammadownload.com



အာနန္ဒ–အာနန္ဒာ၊ မယာ–ငါဘုရားသည်၊ ဝေါ–သင်တို့အား၊ ယော ဓမ္မော စ–အကြင်သုတ္တန်တရားတော်၊ အဘိဓမ္မာတရားတော်ကို လည်း၊ ဒေသိတော–ဟောတော်မူခဲ့ပြီ၊ ယော ဝိနယော စ–အကြင် ဝိနည်းငါးကျမ်းပညတ်တော်ကိုလည်း၊ ပညတ္တော–ပညတ်တော်မူခဲ့ပြီ။ သော–ထိုသုတ္တန်တရား၊ အဘိဓမ္မာတရား၊ ဝိနည်းပညတ်များသည်၊ မမစ္စယေန–ငါဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသည်မှနောက်၌၊ ဝေါ–သင်တို့၏။ သတ္ထာ–ဆုံးမတတ်စွာ ဆရာဘုရားသည်၊ ဘဝိဿတိ–ဖြစ်ရလတ္တံ့။

ဤပါဠိတော်ကို ထောက်မြော်၍ ယခုရှိကြသော ပဋ္ဌကတ်သုံးပုံ ပါဠိတော်ကြီးသည် ဘုရားကိုယ်စား၊ ဘုရားကိုယ်ပွား၊ ဘုရားကိုယ် စားလှယ်ကြီးလည်း ဖြစ်သည်ဟု မှတ်ထင်အပ်၏။ ရုပ်ပွား၊ ဆင်းတု တော်များကို ပူဇော်သကဲ့သို့ ထိုပါဠိတော်ကြီးကို ကြည်ညိုကိုးကွယ် ပူဇော်လျှုဒါန်းကြသည်ရှိသော် အလွန်ကြီးမြတ်သောအကျိုးကို ပေးနိုင်၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၂၂-၂၄)

**၈၅။ မေး။** ။ ဘယ်လိုပြောရင် ဓမ္မဂိုဏ်း သင့်၊ ဓမ္မစိမ်ရေ သင့်ပါ သလဲ။

**ဖြေ။** ။ လောကၠ အချို့သောသူတို့ကား "တရားမှန်ကို ပါဠိတရား ကွယ်ကာ၍နေသည်၊ ပါဠိတရားကို တရားအစစ် ထင်မှတ်၍ နေကြသည့်အတွက် တရားမှန်ကို မသိကြ။ တရားမှန် တိမ်မြုပ်၍

http://www.dhammadownload.com



နေ၏'' ဟု ပြောဆိုသည်ကို ကြားဖူးရ၏။ မိုက်လေစွ၊ မှားလေစွ။ အဘယ်ကြောင့်နည်းဆိုသော် ယခုအခါ ဤပါဠိတော်ကြီးများ ရှိပေသည့်အတွက် သာသနာတော်ကြီးသည် တည်ရှိနိုင်၏။ ဤပါဠိတော်ကြီးများက အလင်းပြ၍နေပေသည့်အတွက် သီလ၊ သမာဓိ၊ ပညာ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ အစရှိသော သဘောတရားတို့ကို ပုဒ္ဓဘာသာဝင် လူရှင်အများတို့ သိကြရပေကုန်၏။ ဤပါဠိတော်ကြီးများသည် လောကၠ နေ့,လများနှင့် တူပေ၏။

သီလ၊ သမာဓိ၊ ပညာ အစရှိသော သဘာဝဓမ္မများသည် ကမ္ဘာအပြင်၌ ရှိကြသော မြေ၊ ရေ၊ တော၊ တောင်၊ နိုင်ငံ၊ မြို့ရွာ၊ အိမ်ရာ၊ ကျောင်းကန်၊ လူသူကျွဲနွား၊ သွားလမ်းလာလမ်း အစရှိသော ကမ္ဘာအဆောက်အဦနှင့် တူကုန်၏။ သတ္တဝါအပေါင်းတို့သည် နေလတို့က ထွန်းပြပေသည့်အတွက် ထိုကမ္ဘာအဆောက်အဦတို့ကို ပစ္စက္ခဒိဋ္ဌ သိမြင်ကြရပေကုန်၏။ နေလ မရှိခဲ့သော် မှောင်အတိဖြစ်၍ ထိုအဆောက်အဦတို့ကို သိမြင်နိုင်ကြမည်မဟုတ်။ ပါဠိတော်ကြီးများ၏ အကျိုးကျေးဇူးသည် ဤမျှလောက် ကြီးကျယ်၏။ ဤသို့ဖြစ်ပါလျက် တရားမှန်ကို ပါဠိတရားကွယ်ကာ၍နေသည်ဟု ဆိုကြခြင်းသည် ဓမ္မဂိဏ်း သင့်၏။ ဓမ္မစိမ်ရေသင့်၏။

[ဤသို့ အစရှိသဖြင့် ရုပ်ပွား၊ ဆင်းတု ပူဇော်မှုဌ ပြဆိုခဲ့သည့် အတိုင်း သိကြလေ။]

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၂၄-၂၅)

http://www.dhammadownload.com



**၈၆။ မေး။ ။ ရတနာသုံးပါးကို ဆရာဝန်၊ ဆေး လက်ထောက် ဆရာဝန်တို့နဲ့ ဘယ်လို နှိုင်းယှဉ်ပြပါမလဲ။**

ဖြေ။ ။ ဗုဒ္ဓဘာသာ၌ ကိုးကွယ်ခြင်းသည် မိမိတို့ပြုအပ်သော ကုသိုလ်ကံကို ကိုးကွယ်ခြင်း၊ ဘုရား တရား သံဃာဟူသော ရတနာသုံးပါးကို ကိုးကွယ်ခြင်း ဟူ၍ ၂ ပါး ရှိ၏။

ထိုနှစ်ပါးတို့တွင် . . .

ကုသိုလ်ကံကို ကိုးကွယ်ခြင်း၌ ဥပမာကား–

လောက၌ အသက်ရှည်မှုမှာ အစာထမင်းသည် လူတို့၏ ကိုးကွယ်ရာဖြစ်၏။ အနာရောဂါရှိနေသူတို့မှာ ဆေးဝါး၊ ဓာတ်စာများသည် ကိုးကွယ်ရာဖြစ်၏ ဟူသကဲ့သို့တည်း။

ရတနာသုံးပါးကို ကိုးကွယ်မှုမှာ ဥပမာကား–

တစ်ခုသောမြို့၌ ဆေးအတတ်၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်လိမ္မာသော ဆရာဝန်ကြီးသည် ရှိရာ၏။ ဆေးဝါးတွေလည်း များစွာရှိရာ၏။ လက်ထောက်ဆရာဝန်တို့လည်း များစွာရှိရာ၏ ထိုမြို့၌ ထိုသုံးပါးသည် ရောဂါဆေနာအတွက် တစ် မြို့လုံး၏ ကိုးကွယ်ရာဖြစ်ပေရာ၏။

ထိုတွင် ဆရာဝန်ကြီးကို ကိုးကွယ်ခြင်း၌ ဆရာဝန်ကြီးသည် ရောဂါဝေဒနာရှိသောသူတို့ကို တန်ခိုးဖြင့် ကင်းငြိမ်းချမ်းသာအောင် ပြုနိုင်သည်ဟု ကိုးကွယ်သည်မဟုတ်။ စင်စစ်မှာကား ဆရာဝန်ကြီးသည် ဆေးဝါးကိုလည်း အလွန်သိတတ်၏။ အနာရောဂါကိုလည်း အလွန်သိတတ်၏။ သူပေးသောဆေးကို သူဆိုတိုင်း သုံးဆောင်လျှင် ရောဂါဝေဒနာသည် အမှန်ပျောက်ငြိမ်းရ၏ဟု ယုံကြည်၍ ကိုးကွယ်ခြင်းပေတည်း။

http://www.dhammadownload.com



ဆေးကို ကိုးကွယ်ခြင်း၌ ဆေးကို လုံလောက်စွာ စားသောက်မှပင် အနာရောဂါပျောက်ငြိမ်းခြင်းသည် အမှန်ဖြစ်၏ဟု ကိုးကွယ်ခြင်းတည်း။ လက်ထောက်ဆရာဝန်တွေကို ကိုးကွယ်ခြင်း၌ လက်ထောက်ဆရာဝန်တို့သည် ဆရာဝန်ကြီး၏ နည်းနိဿယကို အမှန်အကန် တတ်သိလိမ္မာကြကုန်၍ ဆရာဝန်ကြီး၏ ကိုယ်စားလှယ်တွေ ဖြစ်ကြကုန်၏ဟု ယုံကြည်၍ ကိုးကွယ်ခြင်းပေတည်း။

ဤသုံးပါးသော ကိုးကွယ်ခြင်း၌ ဗုဒ္ဓဘာသာမှာ ကိလေသာတွေ၊ ဒုစရိုက်ကံဟောင်းတွေ ရှိနေကြသောသူတို့သည် ထိုမြို့မှာ ရောဂါဝေဒနာရှိကြသောသူတို့နှင့် တူကုန်၏။ ဘုရားကို ကိုးကွယ်ခြင်းသည် ဆရာဝန်ကြီးကို ကိုးကွယ်ခြင်းနှင့် တူ၏။ တရားကို ကိုးကွယ်ခြင်းသည် ဆေးဝါးကို ကိုးကွယ်ခြင်းနှင့် တူ၏။ သံဃာတော်ကို ကိုးကွယ်ခြင်းသည် လက်ထောက်ဆရာဝန်တွေကို ကိုးကွယ်ခြင်းနှင့် တူ၏။

ဤသို့လျှင် ကိုးကွယ်ရာဟူသော စကားမျိုး၌ အရာဌာနအားလျော်စွာ အနက်ကို သိရာ၏။ ဘာသာတစ်ပါးတို့၌မူကား ကိုးကွယ်ရာဆိုလျှင် တန်ခိုးဖြင့် ကယ်တင်ခြင်းကိုသာ မှတ်ယူကြကုန်၍ မိမိတို့ကိုယ်ကျင့်တရားကို အားကိုးခြင်း မရှိကြကုန်ပြီ။ ဒုစရိုက်တရားတို့ကို ဘယ်လိုပင် ပြုကြကုန်သော်လည်း ကမ္ဘာသခင်ကြီးသည် ငါတို့၌ ရှိသော ဒုစရိုက်အပြစ်တွေကို တန်ခိုးတော်ဖြင့် ပယ်ဖျောက်၍ ပစ်လိမ့်မည်ဟု မှတ်ယူကြကုန်၏။ ထိုအယူသည် ကြားရရုံမျှနှင့်ပင် ကြောက်မက်ဖွယ်ကောင်းလှချေ၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၁၆၅-၁၆၇)

http://www.dhammadownload.com



**၈၇။ မေး။** ။ ဘုရားစစ်၊ ဘုရားမှန်ကား အဘယ်ပုဂ္ဂိုလ်ပါနည်း။

ဖြေ။ ။ ဘုရားစစ်၊ ဘုရားမှန်ဆိုသည်ကား . . .

ကပိလဝတ်ပြည်၌ မယ်တော်မာယာနှင့် သုဒ္ဓါဒနမင်းကြီး၏ သား သိဒ္ဓတ်မင်းသည် တောထွက်တော်မူပြီးလျှင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်ငါးပါးကို အောင်မြင်တော်မူ၍ ''အရှင်ဂေါတမဘုရား''ဟု လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။ ဤအရှင်ဂေါတမဘုရားသည် သာလျှင် ဘုရားစစ် ဘုရားမှန် ဖြစ်၏။ ''နမော တဿ''ဆိုရ၌ ရှိခိုးခြင်းသည်လည်း ဤအရှင်ဂေါတမကိုသာ ရှိခိုးခြင်း ဖြစ်၏။ ''ပုဒ္ဓံ သရဏံ ဂစ္ဆာမိ''ဆိုရ၌ ရှိခိုးခြင်းသည်လည်း ဤအရှင်ဂေါတမကိုသာ ရှိခိုးခြင်း ဖြစ်၏။ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးသည်လည်း ဤအရှင်ဂေါတမဘုရား၌ ရှိသော ဂုဏ်တော်ကိုးပါး ဖြစ်၏ဟု ဘုရားစစ် ဘုရားမှန်ကို သိရှိရင်း ဖြစ်ကြ၏။

(လယ်တီ၊ သာသနပိသောဓနီ၊ ပထမတွဲ၊ စာ ၂၇၉)

**၈၈။ မေး။** ။ တရားစစ်၊ တရားမှန်ကား အဘယ်တရားပါနည်း။

ဖြေ။ ။ တရားစစ်၊ တရားမှန်ဆိုသည်ကား . . .

မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရား၊ ပိဋကသုံးပုံဟု ဆိုအပ်သော ပရိယတ္တိတရားများသည် တရားစစ် တရားမှန်ဖြစ်၏ဟု အထင် အရှားသိရှိ၍နေကြ၏။ ''မမံ သရဏံ ဂစ္ဆာမိ'' ဆိုရ၌ရှိခိုးခြင်းသည်လည်း ဤ ၁၀ ပါးသော တရားတော်များကိုသာ ရှိခိုးခြင်း ဖြစ်၏။ သွာက္ခာတတာ အစရှိသော ဂုဏ်တော် ၆ ပါး သည် ၁၀ ပါးသော တရားတော်၌ ရှိသော ဂုဏ်တော်များ ဖြစ်၏ဟု တရားစစ် တရားမှန်ကို သိရှိရင်းဖြစ်၏။

(လယ်တီ၊ သာသနပိသောဓနီ၊ ပထမတွဲ၊ စာ ၂၇၉-၂၉၀)

http://www.dhammadownload.com



**၈၉။ မေး။ ။ သံယာစစ်၊ သံယာမှန်ကား အဘယ်ပုဂ္ဂိုလ် တွေ့ပါနည်း။**

ဖြေ။ ။ သံယာစစ် သံယာမှန်ဆိုသည်ကား . . .

ထိုဘုရားစစ် ဘုရားမှန်၏ တပည့်သားတော်ဖြစ်ကြသည့် မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်၊ ကလျာဏပုထုဇဉ်ရဟန်းပုဂ္ဂိုလ်အပေါင်းသည် သံယာစစ် သံယာမှန်ဖြစ်၏ဟု အထင်အရှား သိရှိ၍နေကြ၏။ ''သံဃံ သရဏံ ဂစ္ဆာမိ'' ဆိုခြင်း ရှိခိုးခြင်းသည်လည်း ဤသံယာစစ် သံယာမှန်ကိုသာ ရှိခိုးခြင်းဖြစ်၏။ သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော် ၉ ပါး သည် ဤသံယာစစ် သံယာမှန်၌သာ ရှိသော ဂုဏ်တော်များ ဖြစ်၏ဟု သိရှိရင်းဖြစ်ကြ၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၂၉၀)

**၉၀။ မေး။ ။ ဗုဒ္ဓဘာသာဝင်တွေမှာ ဘုရားမှား, တရားမှား, သံယာမှား နိုင်ပါသလား။**

ဖြေ။ ။ ရှေ့ပွားဆင်းတု စေတီပုထိုးများကို ရှိခိုးကြရာ၌ မိမိတို့ သိရှိရင်းဖြစ်သော ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံယာစစ် သံယာမှန်တို့ကို စိတ်၌ ဦးတည်ထား၍ ရှိခိုးကြသောအရာ ဖြစ်လေသောကြောင့် ငါတို့ဗုဒ္ဓဘာသာလူမျိုးများမှာ အယူမဖောက် ပြန်ချေက ဘုရား မမှားနိုင်၊ တရား မမှားနိုင်၊ သံယာ မမှားနိုင်ဟု ဆိုပေသတည်း။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၂၉၀)

http://www.dhammadownload.com



**၉၁။ မေး။ ။ ဗုဒ္ဓဘာသာဝင်တို့ ရှုပ်ပွားဆင်းတုကို ဘာကြောင့် ကိုးကွယ်ကြပါသလဲ။**

ဖြေ။ ။ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာ စစ် သံဃာမှန်ကို အထင်အရှား သိရှိနေခဲ့သော် သိရှိသည့်အတိုင်း ဘုရားစစ် ဘုရားမှန်ကို အာရုံပြု၍ ရှိခိုးကြလျှင် ပြီးစီးတော့သည် မဟုတ်လော။ အဘယ်ကြောင့် ရှုပ်ပွားဆင်းတု စေတီပုထိုးတို့ကို ပြုလုပ်၍ ရှိခိုးကိုးကွယ်ကြရကုန်သနည်းဟု မေးရန်ရှိ၏။

အဖြေကား...

လောကဥ္စ ဂုဏ်သတင်းကြီးမြတ်လှသောပုဂ္ဂိုလ်၏ ဂုဏ်သတင်း များကို ကြားသိရသည်ရှိသော် ထိုပုဂ္ဂိုလ်ကို တွေ့မြင်လိုသောစိတ် သည် အားကြီးစွာ ဖြစ်ပေါ်မြဲ ဓမ္မတာပေတည်း။ အနီးအဝေး၌ ထို ပုဂ္ဂိုလ် ထင်ရှားရှိခဲ့သော် အလွန်ဝေးကွာသော အရပ်၌ပင်သော်လည်း သွားရောက်၍ ဖူးမြော်ကြကုန်၏။ ထိုပုဂ္ဂိုလ် ထင်ရှားမရှိခဲ့သော် ထို ပုဂ္ဂိုလ်၏ ရုပ်ပုံသဏ္ဌာန်များကို ဝယ်ယူ၍ ဖူးမြော်ကြကုန်၏။ ငါတို့ အရှင်ဂေါတမ မြတ်စွာဘုရားသည်မူကား လောကဥ္စ ဂုဏ်သတင်း ကြီးမြတ်သောသူတို့တွင် အတုမရှိ ဂုဏ်သတင်းကြီးမြတ်တော်မူပေ၏။ ထို့ကြောင့် ယခုအခါ ဗုဒ္ဓဘာသာလူမျိုးတို့မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ဖူးမြော်လိုသော စိတ်အလွန်အားကြီးကြ၏။ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည်မှ လူဖြစ်နောက်ကျ၍ မတွေ့မမြင်ကြ ရသည့်အတွက် အလွန်ဝမ်းနည်းဖွယ်ကြီး ဖြစ်ကြ၏။ အချို့ ဝမ်းနည်း လှ၍ ငိုကြရ၏။ ဘုရားကို မတွေ့ရသော်လည်း ဘုရား၏ ရုပ်သွင် သဏ္ဌာန်တော်များကို ဘယ်ပုံနေသည်ဟု မိမိတို့မျက်စိဖြင့် ဒိဋ္ဌ

http://www.dhammadownload.com



မြင်လိုကြသောစိတ်သည် အလွန်အားကြီးကြ၏။ အလွန်တင့်တယ်စွာ ရေးသားရှုထားသော ရုပ်ပုံတော်များကို လည်းကောင်း။ ထုလုပ်ရှုထားသော ရုပ်ပုံများကို လည်းကောင်း ဒိဋ္ဌတွေ့မြင်ကြရသည်ရှိသော် အလွန်အားရနှစ်သက်ခြင်း ဖြစ်ကြ၏။ ရုပ်ပုံတော်၊ ရုပ်ပွားတော်များကို အဓိဓါ မြင်သည်ရှိသော် ဘုရားစစ် ဘုရားမှန်၌ ကြည်ညိုရင်းဖြစ်သော ကုသိုလ်စိတ်တို့သည် အသစ်အသစ် ပွင့်လင်းကြကုန်၏။ ထို့ကြောင့် ပုဒ္ဓဘာသာလူမျိုးတို့၌ ရုပ်ပွားဆင်းတု စေတီ ပုထိုး ပြုလုပ်ကိုးကွယ်ကြခြင်းသည် အလွန်ကောင်းမြတ်သော အလေ့ကောင်း အလာကောင်း နည်းကောင်းနာကောင်းကြီး ဖြစ်ပေသတည်း။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၂၉၁-၂၉၂)

၉၂။ မေး။ ။ ရုပ်ပွားဆင်းတု စေတီပုထိုးတွေမှာ ပန်း စသည်ကို ပူဇော်ရာမှာ ဘုရားအစစ် ဘုရားမှန်ကို ပူဇော်ရာ ရောက်ပါသလား။

ဖြေ။ ။ ရုပ်ပွားဆင်းတု၊ စေတီပုထိုးတို့ ၌ ဆွမ်း သင်ပုတ်၊ ရေချမ်း ပန်း ပေါက်ပေါက်၊ ဆီမီး ထီး တံခွန်များကို လှူဒါန်း ပူဇော်ကြရာ ၌လည်း မိမိတို့သိရှိရင်းဖြစ်သော ဘုရားစစ် ဘုရားမှန်ကို စိတ်၌ ဦးတည်ထား၍ လှူဒါန်းပူဇော်ကြသောအရာ ဖြစ်လေသောကြောင့် ထိုဒါနပူဇာ စိတ်စေတနာတို့သည် ဘုရားစစ် ဘုရားမှန်၌ ဆိုက်၍ တည်လေကုန်၏။ ဘုရားစစ် ဘုရားမှန်ကို လှူဒါန်းပူဇော်ခြင်း မြောက်လေကုန်၏။

ထို့ကြောင့် ဝိမာနဝတ္ထုပါဠိတော်၌ . . .

http://www.dhammadownload.com



တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။
ဟူ၍ ဟောတော်မူ၏။။

တိဋ္ဌန္တေ-သက်တော်ထင်ရှား တည်ရှိသောအခါ၌သော်လည်း ကောင်း။ နိဗ္ဗုတေစာပိ-ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ၌သော်လည်း ကောင်း။ စိတ္တေ-ကြည်ညိုသောစိတ်သည်၊ သမေ-တူမျှသည်ရှိသော်၊ ဖလံ-အကျိုးသည်၊ သမံ-တူမျှ၏။။ ဟိ သစ္စံ-မှန်၏။။ စေတောပဏိဓိ ဟေတု-စိတ်ထားကောင်းခြင်းကြောင့်၊ သတ္တာ-သတ္တဝါတို့သည်၊ သုဂ္ဂတိံ-ကောင်းသောအလားရှိသော နတ်ရွာနိဗ္ဗာန်သို့၊ ဂစ္ဆန္တိ-ရောက် ကြကုန်၏။။

အဓိပ္ပာယ်ကား . . .

သက်တော်ထင်ရှား ရှိစဉ်အခါ၌ မြတ်စွာဘုရားအထံတော်သို့ သွား၍ ရှိခိုးဝပ်တွား ပူဇော်ခြင်းကို ပြုသော်လည်း စိတ်ထားမကောင်း လျှင် အကျိုးမကြီး၊ စိတ်ထားကောင်းလျှင် အကျိုးကြီးတော့သည်။ ပရိနိဗ္ဗာန်စံပြီးသည်မှ နောက်၌ ရုပ်ပွားဆင်းတု၊ စေတီပုထိုး ရှိရာသို့ သွား၍ ရှိခိုးဝပ်တွား ပူဇော်လှူဒါန်းခြင်းကို ပြုရာ၌လည်း စိတ်ထား ကောင်းမှ အကျိုးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် အကျိုးပေးမှု မည်သည် စိတ်စေတနာ၏ကိစ္စသာ ဖြစ်၏။ အလှူဝတ္ထု-အလှူခံ ပုဂ္ဂိုလ်တို့၏ ကိစ္စမဟုတ်။ စိတ်စေတနာသည်သာလျှင် နတ်ရွာနိဗ္ဗာန် သို့ ဆောင်နိုင်၏။ အလှူဝတ္ထု-အလှူခံပုဂ္ဂိုလ်တို့သည် နတ်ရွာနိဗ္ဗာန် သို့ မဆောင်နိုင်။

(လယ်တီ၊ သာသနပိသောဓနီ၊ ပထမတွဲ၊ စာ ၂၉၂-၂၉၃)

http://www.dhammadownload.com



၉၃။ မေး။ ။ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တွေဟာ အပိုသက်သက် ဖြစ်သွားပါသလား။

ဖြေ။ ။ အပိုသက်သက် မဖြစ်ပါ။ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်ကောင်းလျှင် ကောင်းလိုက် စိတ်စေတနာကို ချီးမြှောက်နိုင်၏။ စိတ်စေတနာ ကောင်းလျှင် ကောင်းလိုက် အကျိုးကြီးမြတ်နိုင်၏။

ဥပမာကား ...

စပါးမျိုးစေ့တို့ကို စိုက်ပျိုး ရာ၌ လယ်ယာမြေကောင်းနှင့် မိုးကောင်းများသည် မျိုးစေ့ကို ချီးမြှောက်နိုင်သကဲ့သို့တည်း။ အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေကောင်းနှင့် တူ၏။ အလှူဝတ္ထုသည် မိုးကောင်းရေကောင်းနှင့် တူ၏။ စိတ်စေတနာသည် မျိုးစေ့နှင့် တူ၏။

ရုပ်ပွားဆင်းတုတို့ကို ပူဇော်လှူဒါန်းကြရာ ၌ ရုပ်ပွားဆင်းတုများသည် အလှူခံပုဂ္ဂိုလ် မဟုတ်။ ဘုရားစစ် ဘုရားမှန်ကြီးသည် သာလျှင် အလှူခံပုဂ္ဂိုလ် ဖြစ်၏။ ထိုသို့ဖြစ်မူ အလှူခံပုဂ္ဂိုလ်သည် ယခု မရှိပါပြီတကားဟု ဆိုရန်ရှိ၏။ လှူဒါန်းသူတို့၏ စိတ်အာရုံထဲမှာ ရှိလျှင် ရှိတော့သည်သာဟု ဖြေ။ တရားတော်ကို လှူဒါန်းပူဇော်ရာ၌လည်း ထို့အတူပင်တည်း။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၂၉၃)

၉၄။ မေး။ ။ သစ်သားရုပ်တု၊ ဆင်းတုကို ကိုးကွယ်ရာမှာ အနေကဇာတင်တာနဲ့ မတင်တာဟာ ဘယ်လို ခြားနားပါသလဲ။

ဖြေ။ ။ မြတ်စွာဘုရားသည် ရှေးဦးစွာ အရဟတ္တမဂ်ဉာဏ်၊

http://www.dhammadownload.com



သမ္မာသမ္ဗုဒ္ဓဘဂဝန္တာတော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ လွန်စွာဝမ်းမြောက်တော်မူသဖြင့် ''အနေကဇာတင်ဂါထာ'' များကို ကျူးရင့်တော်မူ၏။ ရုပ်ပွား၊ ဆင်းတု ပြုလုပ်မှုမှာ ရုပ်ပုံ၊ ရုပ်သွင်၊ ရုပ်သဏ္ဌာန်ပြည့်စုံလျှင် ရုပ်ပွားတော်အစစ် ဖြစ်၏။ သို့သော် (ရုပ်တု၊ ဆင်းတု၊ ရုပ်တု၊ ဆင်းတု) ဆိုသည်နှင့်အညီ ဘုရားအစစ်၌ ဖြစ်ခဲ့သော အရေးအခွင့်အစုကို အတုလိုက်၍ ပြုနိုင်သမျှ ကောင်းမြတ်သည်သာဖြစ်သောကြောင့် ရုပ်ပွားဆင်းတုများကို ''အနေကဇာတင်မှု'' ကို ပြုကြလေ၏။ ပြုသည့်အတွက်လည်း ကုသိုလ်အပိုအမို အထူးဖြစ်ရပြန်၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၃၁၁)

**၉၅။ မေး။ ။ လောကီသရဏာဂုံဆိုတာ ဘယ်လိုဟာပါလဲ။ လူတို့ သရဏာဂုံနဲ့ သာမဏေတို့ သရဏာဂုံဟာ ထူးပါသလား။**

ဖြေ။ ။ ဗုဒ္ဓဘာသာဖြစ်သူ လူတို့မှာ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' အစရှိသည်ကို မိရိုးဖလာ ဆိုရိုးအတိုင်း ရွတ်ဆို၍ ခံယူကြသော လူတို့၏ ပကတိ သရဏာဂုံသည်လည်းကောင်း၊ သာမဏေပြုကြရာ၌ ဥဘတောသုဒ္ဓိ ဖြစ်သော နိဂ္ဂဟိတန္တ၊ မကာရန္တ ပီသစွာ ရွတ်ဆို၍ ခံယူအပ်သော သာမဏေတို့၏ ဥဘတောသုဒ္ဓိသရဏာဂုံသည် လည်းကောင်း၊ လောကီဖြစ်သော ကာမာဝစရကုသိုလ်စိတ်ဖြင့် ခံယူအပ်သောကြောင့် လောကီသရဏာဂုံ မည်၏။

http://www.dhammadownload.com



**လူတို့သရဏဂုံနှင့် သာမဏေတို့ သရဏဂုံ အထူး**

လူတို့ပကတိသရဏဂုံ၌...

ဥာဘတောသုဒ္ဓိ မလိုပြီ၊ သရဏဂုံပေးသူ မရှိဘဲပင် မိမိတို့အလို အလျောက် ရွတ်ဆိုရိုးအတိုင်း ရွတ်ဆို၍ ခံယူသော်လည်း သရဏဂုံ မြောက်သည်သာ ဖြစ်၏။

သာမဏေတို့သရဏဂုံ၌...

နိဂ္ဂဟိတန္တ, မကာရန္တ ၂ ပါးကို သရဏဂုံပေးသော ရဟန်း တော်ကလည်း ဌာန်၊ ကရိဏ်းကျနအောင် သန့်ရှင်းစွာ ရွတ်ဆိုခြင်း ဟူသော သုဒ္ဓိတစ်ပါး၊ သာမဏေလောင်းကလည်း ထို ၂ ပါးကို ဌာန်၊ ကရိဏ်း ကျနအောင် သန့်ရှင်းစွာ ရွတ်ဆိုခြင်းဟူသော သုဒ္ဓိ တစ်ပါး ဤသို့ ဥာဘတောသုဒ္ဓိဖြစ်မှ သာမဏေဖြစ်နိုင်၏။

ဤသို့လျှင် နိဂ္ဂဟိတန္တ, မကာရန္တ ၂ ပါးသည် ဥာဘတောသုဒ္ဓိ ဖြစ်ရန်အတွက်သာ ထူး၏။ သရဏဂုံမြောက်မှုအတွက်မှာမူကား ပကတိဆိုရိုးအတိုင်းပင် မြောက်တော့သည်သာလျှင်တည်း။

ဤသို့လျှင် နှုတ်ဖြင့် မြွက်ဆို၍ ခံယူအပ်သော သရဏဂုံသည် လောကီသရဏဂုံမည်၏။ ဤလောကီသရဏဂုံ၌ လူတို့မှာ ပျက်ရန် အကြောင်း ၂ ပါး ရှိ၏။ ဗုဒ္ဓဘာသာကို စွန့်၍ ဘာသာတစ်ပါးကို ယူလျှင် ပျက်၏။ ဘာသာတစ်ပါးကို မယူသော်လည်း သေလွန်သော အခါမျိုး၌ ကောန်ပျက်တော့သည်သာလျှင်တည်း။

သာမဏေတို့မှာ ပျက်ရန်အကြောင်းများ၏။ လိုင် ၁၀ ပါးတွင် တစ်ပါးပါးကို ကျူးလွန်မိသော် ဥာဘတောသုဒ္ဓိသရဏဂုံ ပျက်၏။ လူဝတ်လဲသော် ဥာဘတောသုဒ္ဓိ သရဏဂုံ ပျက်၏။ ဘာသာတစ်ပါးကို

http://www.dhammadownload.com



ယူသော်လည်းကောင်း၊ သေလွန်သော်လည်းကောင်း ဥဘတောသုဒ္ဓိ သရဏာဂုံ၊ ပကတိသရဏာဂုံ ၂ ပါးစုံ ပျက်၏။

ဤကား လောကီသရဏာဂုံ၏ သဘောပေတည်း။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၃၂၆-၃၂၇)

**ဓ၆။ မေး။** ။ လောကုတ္တရာသရဏာဂုံဆိုတာ ဘယ်လိုဟာပါလဲ။

ဖြေ။ ။ လောကုတ္တရာသရဏာဂုံဆိုသည်ကား . . .

သောတာပတ္တိမဂ် စိတ်ခဏ၌ ထမြောက်ပြီးစီးသော သရဏာဂုံသည် လောကုတ္တရာသရဏာဂုံမည်၏။ ဤလောကုတ္တရာသရဏာဂုံ၌ မဂ်စိတ္တက္ခဏ တစ်ခဏ တစ်ချက်မျှသာရှိသောကြောင့် တစ်လုံးသော အက္ခရာကိုမျှ ရွတ်ဆိုခွင့်မရှိ။ စင်စစ်မူကား သရဏာဂုံဆန့်ကျင်ဘက်ဖြစ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို အကြွင်းအကျန်မရှိ ပယ်လိုက်သဖြင့် မရွတ်မဆိုရဘဲ အလိုလို ဆောက်တည်မှု ပြီးမြောက်လေ၏။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို အကြွင်းမရှိ ပယ်လိုက်ခြင်းကြောင့်လည်း ထိုသရဏာဂုံသည် ထိုပုဂ္ဂိုလ်၌ ပျက်စီးခြင်း မရှိ။ နိယတသရဏာဂုံ ဖြစ်၍ တည်လေ၏။ ထိုပုဂ္ဂိုလ်သည် ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ ဘဝများစွာ ကမ္ဘာများစွာ ကျင်လည်၍သွားသော်လည်း ထိုသရဏာဂုံ ပျက်စီးခြင်း မရှိလေပြီ။ ထိုလောကုတ္တရာသရဏာဂုံ တည်သည်နှင့်တစ်ပြိုင်နက် အပါယ်ဘဝသို့ ကျရောက်ခြင်းမှလည်း ကျွတ်လွတ်လေ၏။ လူ့ဘုံ၊ လူ့ဘဝ၊ နတ်ဘုံ နတ်ဘဝ၊ ပြဟ္မာဘုံ၊ ပြဟ္မာဘဝတို့၌သာ ကျင်လည်ရကုန်၏။

ထို့ကြောင့် . . .

http://www.dhammadownload.com



အဝိနိပါတဓမ္မော နိယတော သမ္မောဓိပရာယနော ဟူ၍ ဟောတော်မူ၏။

အဝိနိပါတဓမ္မော

အပါယ်လေးပါးသို့ ပရမ်းပတာကျရောက်ခြင်းသဘောလည်း မရှိပြီ။ နိယတော–သရဏဂုံနှင့်တကွ အယူသီလလည်း ဘဝအဆက်ဆက် မြဲလေ၏။ သမ္မောဓိပရာယနော–အထက်မဂ်၊ အထက်ဖိုလ်လျှင် လဲလျောင်းရာရှိ၏။

ဤကား လောကုတ္တရာသရဏဂုံ၏ သဘောပေတည်း။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၃၂၇-၃၂၈)

**ဧ၇။ မေး။ ။ သာမဏေတို့ရဲ့ သရဏဂုံဟာ လောကုတ္တရာသရဏဂုံပါလား။**

ဖြေ။ ။ သာသနသုဒ္ဓိ ခေါ် ဌက်တွင်းဂိုဏ်းစာအုပ်၌မူကား–

လူတို့သည် ပကတိအတိုင်း ရွတ်ဆို၍ ခံယူအပ်သော သရဏဂုံကို လောကီသရဏဂုံ ဟူ၍ဆို၏။ သာမဏေတို့၏ ဥာဘောသုဒ္ဓိ သရဏဂုံကို လောကုတ္တရာသရဏဂုံ ဟူ၍ဆို၏။

ထိုသို့ ဝိနယလောကုတ္တရာသရဏဂုံကို နိဂ္ဂဟိတန္တ၊ မကာရန္တ ၂ ထပ် အဋ္ဌာရသ စေ့စပ်အောင် ခံယူဆောက်တည်လျှင် ပုထုဇဉ် အနွယ်ပြတ်၍ အရိယာဇာတ်သို့ ခိုလှုံမိလေ၏ ဟူ၍လည်းဆို၏။ မဟုတ်လေစွ။

မဟုတ်ပုံကား . . .

"နိယတော သမ္မောဓိပရာယနော" ဟူသော ပါဠိတော်နှင့်အညီ

http://www.dhammadownload.com



လောကုတ္တရာသရဏာဂုံမည်သည် ပျက်စီးခြင်း မရှိ။ နိယတသရဏာဂုံ သာ ဖြစ်၏။ ထိုပုဂ္ဂိုလ်သည်လည်း ပုထုဇဉ်အဖြစ်သို့ တစ်ဖန် ပြန် ရောက်ခြင်း မရှိမူ၍ အထက်မဂ်၊ အထက်ဖိုလ်သို့ ဆန်တက်ရန် တစ်လမ်းသာရှိလေ၏။ ထိုဥဘတောသုဒ္ဓိသရဏာဂုံသည်မူကား နိယတ မျိုးမဟုတ်။ ပျက်စီးခြင်းရှိ၏။ အနိယတမျိုးသာ ဖြစ်၏။

သာမဏေတို့၌ ဥဘတောသုဒ္ဓိသရဏာဂုံသည် လိင်ထိုက်သဖြင့် ပျက်စီးခြင်း၊ လူဝတ်လဲသဖြင့် ပျက်စီးခြင်း၊ ဘာသာတစ်ပါးကို ယူသဖြင့် ပျက်စီးခြင်း၊ သေလွန်သဖြင့် ပျက်စီးခြင်းများရှိကြောင်းကို ရှေး၌ ဆိုခဲ့ပြီ။

ထိုစကား မှန်၏။ ငါတို့ဗုဒ္ဓဘာသာလူမျိုးတို့၌ သာမဏေမပြုဖူး သောသူဟူ၍ မရှိကြ၊ သာမဏေပြုလျှင်လည်း ဥဘတောသုဒ္ဓိသရဏာဂုံ ကို နိဂ္ဂဟိတန္တ၊ မကာရန္တ ၂ ထပ် အဋ္ဌာရသ စေ့စပ်အောင် မခံယူ မဆောက်တည်ဖူးသောသူဟူ၍ မရှိကြ။ အဋ္ဌာရသ စေ့စုံစွာ ခံယူ ဆောက်တည်ကြ၍ သာမဏေအဖြစ်သို့ ရောက်ပြီးမှ လိင် ၁၀ ပါးကို ကျူးလွန်မိသောကြောင့် ထိုသရဏာဂုံ အခါခါပျက်၍ အခါခါ လိင် ပြန်ပြီးလျှင် အခါခါ ထပ်မံဆောက်တည်ကြရသည်လည်း အလွန် များပြား၏။

လူထွက်၍ ထိုသရဏာဂုံပျက်ပြီးလျှင် ပကတိသရဏာဂုံနှင့် လူ အဖြစ်၌ တည်နေသော လူတို့သည်လည်း နိုင်ငံနှင့်အပြည့် ရှိကြ၏။ သာမဏေအဖြစ်မှ လျှောကျပြီးနောက်၌ လူအဖြစ်သို့ ရောက်ပြီးလျှင် ဘာသာတစ်ပါးဘက်သို့ ရောက်၍ သွားကြသူလည်း အများအပြား ရှိကြ၏။ တံငါ၊ မုဆိုး၊ သူခိုး၊ ဓားပြဖြစ်၍ နေကြသူလည်း အများ

http://www.dhammadownload.com



အပြား ရှိကြ၏။ ပုထုဇဉ်အနွယ်ပြတ်၍ အရိယာဇာတ်သို့ ရောက်ပြီး သောသူမှန်လျှင် ဘာသာတစ်ပါးသို့ ရောက်နိုင်မည်လော။ တံငါ၊ မုဆိုး၊ သူခိုး၊ ဓားပြ ဖြစ်နိုင်မည်လော။ လောကုတ္တရာသရဏာကုံ မည်သည်လည်း နှုတ်မြွက်၍ ဆောက်တည်ရသော သရဏာကုံမျိုးမဟုတ်။ ထိုဥဘတောသုဒ္ဓိ သရဏာကုံသည်ကား နှုတ်မြွက်၍ တစ်ဆယ့်ရှစ်ကြိမ် စေ့အောင် ဆောက်တည်ရသော သရဏာကုံဖြစ်၏။

ထို့ကြောင့် ဥဘတောသုဒ္ဓိဝိနယသရဏာကုံသည် လောကုတ္တရာ သရဏာကုံ မဟုတ်။ လောကီသရဏာကုံသာဖြစ်ကြောင်း၊ ထိုသရဏာကုံကို ဆောက်တည်ကာမျှနှင့် ပုထုဇဉ်အနွယ်ပြတ်၍ အရိယာဇာတ်သို့ ဝင်ရန် အလွန်ဝေးကွာကြောင်း လွန်စွာထင်ရှားလေ၏။

(လယ်တီ၊ သာသနဝိသောဓနီ၊ ပထမတွဲ၊ စာ ၃၂၈-၃၃၀)

၉၈။ မေး။ ။ ကျေးဇူးရှင် သံတော်ဆင့် ဆရာတော်ဘုရားကြီး နှင့်တောင်ပုလုဆရာတော်ဘုရားတို့၏ သရဏာကုံ သုံးပါးဆိုင်ရာ ဩဝါဒကထာကို ဖော်ပြပါ။

ဖြေ။ ။ ကျေးဇူးရှင် ပထမ ဥပဇ္ဈာယ် ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက သက်တော် (၉၁)နှစ်ရှိ သံတော်ဆင့် ဆရာတော်ဘုရားကြီး သည် ပြဆိုလတ္တံ့အတိုင်း သရဏာကုံ နှင့်စပ်၍ အဆုံးအမဩဝါဒကို ပေးတော်မူလေ့ရှိပါတယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



ဤပါဠိစကားကို ဗုဒ္ဓဘာသာမှန်လျှင် ကိုယ်စီကိုယ်ငှ နှုတ်တက် ကြတဲ့သူတွေချည်းပဲ။ အဲဒီပါဠိစကားကို ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ပါ၏။ ဤသို့ မြန်မာလို နားလည်ရတယ်။

တပည့်တို့...ဘုရားကို ကိုးကွယ်ပါ၏။ ဒီလောက်ပဲမြင်လို့ မဖြစ်သေးဘူး။ ဘေးဒဏ် ရန်မာန်အန္တရာယ် ဆိုက်ရောက်လာရင် ဘုရားကို ကိုးကွယ်မယ်၊ ဘုရားနှင့် ကာကွယ်မယ်။ ဘေးဒဏ် ရန်မာန် အန္တရာယ် ဆိုက်ရောက်လာရင် တရားကို ကိုးကွယ်မယ်၊ တရားနှင့် ကာကွယ်မယ်။ ဘေးဒဏ် ရန်မာန်အန္တရာယ် ဆိုက်ရောက်လာရင် သံဃာတော်ကို အားကိုးမယ်၊ သံဃာတော်နှင့် ကာကွယ်မယ်။ ဒီလို ကျအောင် သိထား မှတ်ထားရမယ်။ သရဏာဂုံသုံးပါးကို သိမှတ်ထားတဲ့ အတိုင်း အသုံးချတတ်ရမယ်။

ဒီလို အသုံးကျတယ်ဆိုတာ သိမှတ်ထားတော့ မိမိတို့ ညအိပ်ခါနီး မအိပ်မီ ရှေ့အဖို့၌ ဒီသရဏာဂုံကို ရွတ်ရွတ်ပြီးတော့ သိပ်ပြီးပိတိတွေ ဖြစ်နေတာပဲ။ တော်တော်နဲ့ အိပ်မပျော်ဘူး။ ဝမ်းမြောက်လွန်းလို့။ ငါတို့ဘုရားရှင် ညွှန်ပြတဲ့စကား အားကိုးလေးတစ်ခုလို့ ဆိုပြီး တစ်ညလုံးထပြီး ဘုရားရှိခိုးချင်သလိုလို၊ တရားနာချင်သလိုလို တစ်နေ့လုံးပဲ သံဃာတော်နှင့် အတူနေချင်သလိုလို ဖြစ်လာတယ်။

အင်မတန် အရေးကြီးတဲ့ အကြောင်းတစ်ခုနှင့်တွေ့ရင် သရဏာဂုံသုံးပါးနှင့် ကာကွယ်ကြ၊ သရဏာဂုံသုံးပါးကို အားကိုးကြ၊ လေးစားကြ၊ အားထားကြ။ ဤသို့ စသည်ဖြင့် ဆုံးမသော ဩဝါဒစကားကို မှတ်သားဖွယ်ကောင်းလှ၍ ထုတ်ပြလိုက်ပါသည်။

http://www.dhammadownload.com



သီဟိုဠ်ကျွန်းမှာ ကာလကြာမြင့်စွာ သီတင်းသုံးပြီးလျှင် ဗောဓိပင်သို့ ဆယ်ခေါက်မျှ ဘုရားဖူး ကြွရောက်တော်မူသွားသော ရွှေကျင်နိကာယ ရတ္တညူ မဟာနာဃက ဝိနည်းပြန် သုံးဌာနချုပ် ဥက္ကဋ္ဌ သက်တော် (၉၆)နှစ် လွန်တော်မူသော ကျေးဇူးရှင် **ကုန္ဓာသယဆရာတော်ဘုရားကြီး** သည် ပြဆိုလတ္တံ့အတိုင်း သရဏဂုံသုံးပါးနှင့်စပ်၍ အချို့သော ဒကာ ဒကာမတို့အား လိုက်ဆိုကြဟု ချပေးတော်မူလေ့ရှိပါသည်။

ဘုရားတပည့်တော်တို့သည် ယခုဘဝ၌ သမ္မာဒိဋ္ဌိအယူနှင့်တကွ ဘုရား, တရား, သံဃာကို ငွေ နှစ်သိန်း၊ သုံးသိန်း ပေး၍ စွန့်ရမည်ဆိုသော်လည်း မစွန့်တော့ပါ။ ပယ်ရမည်ဆိုသော်လည်း မပယ်တော့ပါ။ ယနေ့ ယခုအချိန်ကစ၍ အသက်သေသည်တိုင်အောင် ဤသစ္စာအဓိဋ္ဌာန်ဖြင့် သမ္မာဒိဋ္ဌိအယူနှင့်တကွ ဘုရား၊ တရား၊ သံဃာကို မစွန့် မပယ်တော့ပါ ဘုရား။

**မှတ်သားချက်** ။ ။(ဤအဆုံးအမသြဝါဒ၌ မွန်မြတ်သော သစ္စာအဓိဋ္ဌာန် ပါရမီမျိုးဖြစ်၍ မှတ်သားဖွယ် ကောင်းလှ၏။။)

မိတ္ထီလာနယ်တွင် ရဟန္တာဟုပင် ထင်ပေါ်ကျော်ကြားတော်မူသော **တောင်ပုလုဆရာတော်ဘုရားကြီး** သည်လည်း ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အား ဤသရဏဂုံသုံးပါးကိုပင် ပဓာန အဓိကထား၍ ဟောကြားဆုံးမတော်မူသည်ကို အများအသိပင် ဖြစ်၏။။

**သတိပြုရန်** ။ ။ ဤသို့ သရဏဂုံနှင့်စပ်၍ ပြဆိုအပ်ပြီးသော စကားအရပ်ရပ်တို့ကို ထောက်ထားသိရှိကြ

http://www.dhammadownload.com



သဖြင့် ဤမျှ သရဏဂုံသုံးပါး ကုသိုလ်များကို တစ်ပြားတစ်ကျပ်မှ မကုန်ကျဘဲနှင့် သံသရာခရီးခဲဝယ် ကိုးကွယ်ရာ, အားထားဖွယ်ရာ, မှီခိုပုန်းအောင်း လဲလျောင်းရာ အမြတ်ဆုံးအစစ်လည်း ဖြစ်ကြီးဖြစ်ပါလျက် အချို့အချို့သော အမျိုးသား၊ အမျိုးသမီးတို့၏ နေအိမ်၌ကား **ဘိုးဘိုးကြီးတို့, ဘိုးဘိုးအောင်တို့, ဘိုးမင်းခေါင်တို့, ထွက်ရပ်ပေါက်တို့** ဆိုတာတွေကို ရည်ရွယ်ပြီး ပြင်ထားတဲ့ ကန်တော့ပွဲတွေကို တွေ့ရတယ်။ တချို့အိမ်မှာဆိုရင် အဲဒီဂိုဏ်းပွဲ နတ်ပွဲတွေက ဘုရားပွဲထက် သာနေတာကို တွေ့ရတယ်။ ဘုရားထက် ဂိုဏ်းတွေ နတ်တွေကို အားကိုးယုံကြည်နေတဲ့သဘော ဖြစ်နေပါတယ်။

''ပရိတ်တော၊ မီးတောင်'' ဆိုသော စကားကဲ့သို့ အချို့သော ဘုန်းကြီးများသည်ပင် ဘုရားပွဲထက် နတ်ပွဲကို အလေးတမူ အရေးယူပေးလှူဝေဆာ တင့်တယ်စွာ ပြုစုပြင်ဆင်ထားသည်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရဖူးပါတယ်။ မကင်းစကောင်း၍ အထိုက်အလျောက် ကိုးကွယ် မှု ပြုထိုက်ပါသော်လည်း ရတနာသုံးပါးထက် မြတ်မြတ်နိုးနိုး ယုံကြည် အားကိုးမှုကိုကား မပြုသင့်ပုံ သတိပြုကြကုန်ရာ၏။

ဆိုခဲ့ပြီး နတ်အမျိုးမျိုးတို့မှာ သာသနာတွင်း, သာသနာပ အချိန်ကာလမရွေး တွေ့လွယ်ရလွယ်ကုန်၏။ ယခုကဲ့သို့ ဘုရားပွင့်တော်မူသော သာသနာတော်တွင်း အခါကာလမျိုး၌သာ တွေ့ရ ကြုံရ ဖူးတွေ့ကြရသော ရတနာမြတ်သုံးပါးကို သရဏဂုံ ဆောက်တည်ရာ၌ဖြစ်စေ၊ ပုတီးစိပ်ရာ၌ ဖြစ်စေ၊ သာမန် အမှတ်တမဲ့ မိရိုးဖလာအနေအားဖြင့် မဖြစ်မိစေကြဘဲ စွဲစွဲမြဲမြဲ, နှစ်နှစ်သက်သက်, လေးလေးနက်နက် ယုံကြည်လျက် တစ်သက်တစ်ခါ ကြုံခဲ့စွာမို့ ကြုံလာရခိုက် စူးစူးစိုက်

http://www.dhammadownload.com



စိုက် လွန်နှစ်ခြိုက်၍ အားတိုက်အင်တိုက် ဆောက်တည်ထိုက်လှပါ၏။ မြတ်မြတ်နိုးနိုး အားကိုးလှစွာ ဝမ်းသာဝမ်းမြောက် ဆောက်တည်နိုင်ကြပါစေ။

(အရှင်ပါသဏိဘိဝံသ မဟာထေရ်၊
သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ စာ ၃၉-၄၀)

၉၉။ မေး။ ။ သရဏာဂုံ၏ အကျိုးကို တိသရဏာဂမနိယမထေရ် ဝတ္ထုဖြင့် ဖော်ပြပေးပါ။

ဖြေ။ ။ သရဏာဂုံရဲ့အကျိုးကို ပေါ်လွင်စွာတွေ့ရတဲ့ အပါဒါန် ပါဠိတော်လာ သရဏာဂမနိယမထေရ်၏ ဝတ္ထုကို ဤနေရာ၌ ဖော်ပြပါမည်။ ဖော်ပြလတ္တံ့မှာ အပါဒါန်မှလာတဲ့ ဝတ္ထုဖြစ်၍ အပါဒါန်လာဝတ္ထုများ၏ ထုံးစံအတိုင်း ရဟန္တာအရှင်များက သူတို့တတွေ လာခဲ့တဲ့ ဖြည့်ခဲ့တဲ့ ပါရမီလမ်းခရီးကို အသိဉာဏ်ဖြင့် ကိုယ်တိုင် သိမြင်ပြီး ဟောကြားသော ဝတ္ထုများထဲမှ ဝတ္ထုဖြစ်ပါတယ်။

ဤဘဒ္ဒကမ္ပာမှ ပြန်၍ရေတွက်လျှင် လွန်ခဲ့သော ကမ္ပာတစ်သိန်းထက် အနောမဒဿီဘုရားရှင်၏ သာသနာတော်ထွန်းကားရာ စန္ဒဝတီမြို့တော်မှာ စက္ခုနှစ်ကွင်း အလင်းမရ ဒုက္ခိတဖြစ်နေကြသော မိခင်ဖခင် ကျေးဇူးရှင်နှစ်ဦးကို အမြဲမပြတ် လုပ်ကျွေးသော အမျိုးကောင်းသားတစ်ဦး ရှိခဲ့ပါတယ်။ အဲဒီအမျိုးကောင်းသားသည် ပင်ကိုက ကျေးဇူးရှင် မိဘနှစ်ဦးကို အမြဲမပြတ် ပြုစုလုပ်ကျွေးသော သူတော်ကောင်းစိတ်ဓာတ် အခံရှိသူဖြစ်၍ သူတော်ကောင်းပီသစွာ ဆိတ်ငြိမ်ရာအရပ်မှာ တစ်ယောက်တည်း ထိုင်ပြီးတော့ ''ငါ့မှာ စက္ခုနှစ်ကွင်း

http://www.dhammadownload.com



အလင်းမရ ဒုက္ခိတဖြစ်နေကြတဲ့ မိဘနှစ်ပါးကို အမြဲမပြတ် လုပ်ကျွေးနေရလို့ ရဟန်းအဖြစ်ကိုလည်း မရနိုင်ဘူး''လို့ စဉ်းစားပါတယ်။

ဒီအမျိုးကောင်းသားသည် သူတော်ကောင်းပီပီ ကုသိုလ်များများရလိုတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ကုသိုလ်များများရနိုင်ရန် ရဟန်းဘဝကို စိတ်ကူးခြင်းပါပဲ။ ဒီစိတ်ကူးဟာ မှန်ကန်သောစိတ်ကူးလည်း ဖြစ်ပါတယ်။ မှန်ကန်သောစိတ်ကူးလို့ ဆိုရတာကတော့ ဘုရားရှင်ကိုယ်တိုင်က့...

''သမ္မာမော ဃရာဝါသော''

လူ့ဘောင် လူ့ဘဝဆိုတာ ကုသိုလ်ရရန် အခွင့်အလမ်းနည်းပါး၍ ကျဉ်းမြောင်းတယ်။

''အဗ္ဘောကာသော ပဗ္ဗဇ္ဇာ''

ရဟန်းဘဝသည်သာ ကုသိုလ်ရရန် အခွင့်အလမ်းသာတယ်၊ ကျယ်ပြန့်တယ်လို့ ဟောကြားခဲ့လို့ပါပဲ။

အမျိုးကောင်းသားက ရဟန်းပြုရန် မလွယ်ကူတဲ့အတွက် မိမိဘဝကို တွေးပြီးနောက် လောကကြီးမှာ ရှိသမျှသတ္တဝါတွေရဲ့ အခြေအနေကို ဆက်၍ ''သတ္တဝါမှန်သမျှ မောဟအမှောင်ကြီး၏ ပိတ်ဖုံးတားဆီးမှုခံရပုံ၊ ရာဂ ဒေါသ မောဟ ဆိုတဲ့ မီးကြီး (၃)ပါး၏ လောင်ကျွမ်းမှုကို ခံရကြောင်းကိုလည်း စဉ်းစားမိပြန်ပါတယ်။

ဒီနေရာမှာ ကြားဖြတ်၍ အမျိုးကောင်းသား၏ အခြေအနေကို အကဲဖြတ်စဉ်းစားလျှင် တော်တော်အဆင့်အတန်းမြင့်သော ဉာဏ်ရှိသူဖြစ်ကြောင်း သိနိုင်ပါတယ်။ ဒါကြောင့်လည်း သာမညလူတို့မမြင်ကြတဲ့ လောကရဲ့ အခြေအနေကို အမှန်အတိုင်း သိနိုင်ခြင်း ဖြစ်ပါတယ်။ အများအားဖြင့် သာယာဖွယ်လို့ မြင်ကြတဲ့ လောကကြီး၏ အတွင်း

http://www.dhammadownload.com



သဘောကို နက်နဲစွာ စဉ်းစားနိုင်သော အမျိုးကောင်းသားမို့ ဉာဏ်အဆင့်အတန်းမြင့်သော အမျိုးကောင်းသားတစ်ယောက်ဟု မှတ်ယူရပါမယ်။

လောကကြီး၏ သဘောမှန်ဖြစ်တဲ့ မောဟအမှောင် ဖုံးလွှမ်းခံနေရကြောင်းနှင့် မီးကြီးသုံးခု လောင်နေကြောင်းကို အမှန်အတိုင်း မြင်ပြီးနောက် ဒါလောက်ကြောက်စရာကောင်းတဲ့ လောကကြီးထဲမှ ရုန်းကန်ရန် မလွယ်ကူကြောင်း စဉ်းစားပြီးနောက် မလွယ်တဲ့ လောကကြီးထဲမှ ရုန်းထွက်ရန် နည်းလမ်းအဖြစ် သရဏဂုံကို ထိန်းသိမ်းမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ဆုံးဖြတ်ချက်ချပြီးနောက် အနောမဒဿီဘုရားရှင်၏ လက်ျာတော်ရံ အဂ္ဂသာဝက နိသဘမထေရ်မြတ်ထံ ချဉ်းကပ်၍ သရဏဂုံ ဆောက်တည်ခဲ့တယ်။ ဆောက်တည်ပြီးနောက်လည်း တစ်သက်လုံး မည်သူမန္တမ်းရလေအောင် ထိန်းသိမ်းခဲ့ပါတယ်။ အဲဒီအချိန်က လူတို့ရဲ့သက်တမ်းဟာ တစ်သိန်းတမ်းဖြစ်လို့ အနှစ်တစ်သိန်း ထိန်းသိမ်းခဲ့တယ်လို့ ဆိုရပါ့မယ်။

တစ်ဘဝလုံး မည်သူးနွမ်းရအောင် ထိန်းသိမ်းခဲ့တဲ့ သရဏဂုံကောင်းမှု အာစိဏ္ဏကံအစွမ်းကြောင့် ကွယ်လွန်ပြီးတဲ့နောက် တာဝတိံသာနတ်ပြည်သို့ ရောက်ပါတယ်။ တာဝတိံသာနတ်ပြည်မှ သက်တမ်းစေ့၍ လူ့ပြည်သို့ ပြန်လာတဲ့အခါမှာ ကုသိုလ်ကောင်းမှုဌ အမြဲမပြတ်တည်ကြည်သောစိတ်ထား ရှိခဲ့တယ်လို့ မထေရ်က မိန့်မြွက်ထားပါတယ်။

ဒီမိန့်ကြားချက်အရ သရဏဂုံကြောင့် ကုသိုလ်ကောင်းမှုဘက်၌ အမြဲမပြတ် တည်ကြည်သော စိတ်ထားရှိခြင်းဆိုတဲ့ အကျိုးတစ်ခုကို

http://www.dhammadownload.com



ကြည့်ဦးတော့။ ဗုဒ္ဓဘာသာ သူတော်စင်များအနေနှင့် အင်မတန် လိုလားနှစ်သက်တဲ့ အကျိုး, အားကိုးလောက်တဲ့အကျိုး ဖြစ်တယ်လို့ ဆိုရပါမယ်။ ဘာကြောင့်လဲဆိုတော့ သတ္တဝါများရဲ့ စိတ်ထားဟာ မကောင်းမှုဌ မွေ့လျော်တတ်လို့ပါပဲ။ မကောင်းမှု ဌ မွေ့လျော်တဲ့စိတ်ထားက မွေ့လျော်တဲ့ပုဂ္ဂိုလ်ကို အပါယ်ဆင်းရဲသို့ ဆွဲခေါ်ခြင်း ကောင်းမှု ဌ တည်ကြည်မွေ့လျော်တဲ့စိတ်ထားက ကုသိုလ်ရှင်ကို သုဂတိဘုံ အဆင့်ဆင့်သို့ ပို့ဆောင်ခြင်း နိဗ္ဗာန်အထိ အထောက်အကူ ပြုနိုင်လို့ ပါပဲ။

(အရှင်ဝါသဝါဘိဝံသ မဟာထေရ်၊
သဗ္ဗမင်္ဂလ မမ္မဒေသနာ၊ စာ ၅၂-၅၄)

၁၀၀။ မေး။ ။ သရဏာဂုံအကျိုး (၈)ပါး ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ။ ဒီအကျိုးများအပြင် ရောက်လေရာဘဝတိုင်းမှာ ချမ်းသာကြောင်းဖြစ်တဲ့ အကျိုး (၈)မျိုး ရနိုင်ကြောင်းကိုလည်း ဆက်လက်၍ မထေရ်မြတ်က အမိန့်ရှိပါတယ်။

ဒီအကျိုး (၈)မျိုးက ...

၁။ အရပ်မျက်နှာတိုင်းက အပူဇော်ခံရခြင်း၊

၂။ ဉာဏ်ပညာထက်မြက်ခြင်း၊

၃။ နတ်အားလုံးက သရဏာဂုံဆောက်တည်သူ၏ အလိုကျ ဆောင်ရွက်ပေးခြင်း၊

http://www.dhammadownload.com



၄။ မန္ဒိုင်းယှဉ် မရေမတွက်နိုင်အောင် များပြားသော စည်းစိမ် ဥစ္စာတွေကို ရခဲ့ခြင်း။
၅။ ရွှေအဆင်းတမျှ အလွန်လှပခြင်း။
၆။ လူအများ၏ နှစ်သက်မှုခံရခြင်း။
၇။ မိတ်ဆွေများ မပျက်မပြယ် တည်တံ့ခိုင်မြဲခြင်း။
၈။ ကျော်စောမှုဂုဏ်သတင်းကလည်း ပျံ့နှံ့၍တက်ခြင်း တို့ပါပဲ။

* **အရပ်တိုင်းက၊ ပူဇော်ကြ၊ ဉာဏ်က ထက်မြက်သည်။**
* **နတ်အားလုံးက၊ လိုလိုက်ကြ၊ ဝန မောက်ဖြိုးသည်။**
* **ရွှေဆင်းတမျှ၊ အလွန်လှ၊ မြင်သမျှ ချစ်ကြသည်။**
* **မိတ်ဆွေမှန်သမျှ၊ ခိုင်မြဲလှ၊ ယသ လျှံတက်သည်။**
* **ဘဝတိုင်းသာ၊ ဥစ္စာရစ်ဖြာ၊ မှန်စွာ ရခဲ့သည်။**

ဒီအကျိုးများအပြင် သရဏဂုံကောင်းမှု၏ အကျိုးအဖြစ် နတ်ပြည်မှာ နတ်တို့သေဋ္ဌနင်း သိကြားမင်းအဖြစ်ဖြင့် နတ်သမီးများစွာ ခြံရံ၍ နတ်စည်းစိမ်ချမ်းသာ ခံစားခဲ့ရတဲ့ ဘဝပေါင်းက အကြိမ် (၈၀)၊ လူ့ပြည်မှာ တစ်မြေပြင်လုံးကို အုပ်စိုးနိုင်တဲ့ စကြာမင်းအဖြစ်က (၇၅) ကြိမ်၊ တစ်ပြည်ထောင် နှစ်ပြည်ထောင်လောက် အုပ်စိုးတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ များလွန်းလို့ အရေအတွက်ကိုတောင် မပြောပြနိုင်ဘူးလို့ မထေရ်မြတ်က အမိန့်ရှိထားပါတယ်။

http://www.dhammadownload.com



* တာဝတိံသာယ်၊ ကြိမ်ရွှစ်ဆယ်၊ တင့်တယ် သိကြားဖြစ်ရသည်။
* ခုနစ်ဆယ့်ငါးကြိမ်၊ လူ့စည်းစိမ်၊ ထိန်လှ စကြာ ဖြစ်ရသည်။

နောက်ဆုံး ကျွတ်တမ်းဝင်ဘဝ ရောက်တဲ့အခါမှာကျတော့လည်း သာဝတ္ထိမြို့တော်မှာ အလွန်ကြွယ်ဝတဲ့ ဆွေကြီးမျိုးကြီးထဲမှာ ဖြစ်ရ၍ ကောင်းမှုကုသိုလ်၌ တည်တဲ့သောစိတ်ထားရှိသော အမျိုးကောင်းသား ဖြစ်ရပါတယ်။

ဒီနောက်ဆုံးဘဝမှာ မြို့မှထွက်၍ ကလေးငယ်အဖော်တစ်စုနှင့် ပျော်ပျော်ပါးပါး ဆော့ကစားရင်းပဲ ကျောင်းတော်သို့ ရောက်လာခဲ့ပါတယ်။ ကျောင်းတော်ရောက်ပြီးနောက် ရဟန္တာအရှင်မြတ်တစ်ပါးကို ဖူးတွေ့ရ၊ ထိုရဟန္တာအရှင်မြတ်၏ တရားကို နာယူပြီးနောက် ထို ရဟန္တာအရှင်မြတ်ထံမှာပင် သရဏာဂုံ ဆောက်တည်ပါတယ်။ ဒီသရဏာဂုံ ဆောက်တည်ချိန်မှာပဲ လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ထိန်းသိမ်းခဲ့တဲ့ သရဏာဂုံကောင်းမှုက သူ၏စိတ်အစဉ်မှာ ပေါ်ထင်လာပါတယ်။ ရှေးက ထိန်းသိမ်းခဲ့တဲ့ သရဏာဂုံ၏ ကျေးဇူးပြုမှုကြောင့် အဲဒီတစ်ထိုင်တည်းမှာပဲ ရဟန္တာအဖြစ်သို့ ရောက်ခဲ့တယ်။ ရဟန္တာဖြစ်ချိန်မှာ ခုနစ်နှစ်သာ ရှိပါသေးတယ်။ ဘုရားရှင်က သူ၏ အရဟာတ္တဖိုလ်ဂုဏ်ကို သိ၍ ရဟန်းပြုပေးခဲ့ကြောင်း မထေရ်မြတ်က အမိန့်ရှိပါတယ်။ မထေရ်မြတ်က ဆက်၍ လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က သရဏာဂုံကို ထိန်းသိမ်းခဲ့တဲ့ ကောင်းမှုကြောင့် အခြံအရံ စည်းစိမ်များစွာ ခံစား၍ အရဟာတ္တဖိုလ်ကို ပဋိသမ္ဘိဒါ, ဝိမောက္ခ, အဘိညာဉ် တည်းဟူသော ဂုဏ်ထူးဝိသေသများနှင့် ရောက်ခဲ့ရကြောင်း ကမ္ဘာတစ်သိန်းလုံးလုံး

http://www.dhammadownload.com



ဒုဂ္ဂတိဘဝသို့ လုံးဝ မရောက်ခဲ့ရကြောင်းကို ဆက်၍ မိန့်မြွက်ထား ပါတယ်။

* ငါ, တို, ပြိတ်, ကာယ်၊ ပါယ်လေးသွယ်၊ တကယ်မကျသည်။
* အမျိုးကောင်းယောကျ်ား၊ ဇနီးများနှင့်၊ သမီးသားတို့၊ သုံးပါးသရဏဂုံ၊ ငါးစုံသီလ၊ ဆောက်တည်ကြလျှင်၊ စွဲဥသောတာ။ တူလွန်စွာကြောင့်၊ ချမ်းသာကင်းပ၊ ပါယ်လေးဝသို့၊ မကျရောက်ဘဲ၊ ဂတိမြဲသည် . . . မှတ်စွဲကျမ်းဝယ် မိန့်သတည်း။

ငဉ်းနောက် မထေရ်မြတ်က ကိုယ်တိုင်သံသရာမှာ ချမ်းချမ်း သာသာ ကျင်လည်ခဲ့ရ။ နောက်ဆုံးဘဝမှာလည်း လွယ်ကူချမ်းသာစွာ အရဟတ္တဖိုလ်ရသလို ချမ်းသာစေလိုသော စိတ်ထားဖြင့် တိုက်တွန်း သော အောက်ပါဂါထာများကို ဆက်၍ဟောကြားပါတယ်။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဝတ္တတေ ဇိနသာသနံ။
အမတာ ဝါဒိတာ ဘေရီ၊ သောကသလ္လဝိနောဒနာ။[၁]

ဘောန္တော–သူတော်စိတ်ဓာတ် ကိန်းဝပ်ကြငြား အို–ဒါယကာ ဒါယိကာမ အများတို့။ လောကေ–ငါတို့နေထိုင်ရာ ဤကမ္ဘာလောက ကြီးအတွင်း၌။ ဗုဒ္ဓေါ–အမြတ်ထိပ်တင် ဘုရားရှင်သည်။ သမုပ္ပန္နော–

http://www.dhammadownload.com



ပွင့်ထွန်းပေါ်ပေါက်နေပေပြီ။ ဇိနသာသနံ–ဘုရားမြတ်စွာ သာသနာ၏ အရောင်အဝါသည်။ ဝတ္တတေ–တရွှန်းရွှန်းတဝေဝေ ထွန်းလင်းခြင်နေလေပြီ။ သောကသလ္လဝိနောဒနာ၊ သောကညစ်ဆိုး ငြောင့်တံမျိုးကို ပယ်ချိုးနုတ်ပယ်ကြောင်းဖြစ်သော။ အမတာ ဘေရီ–မသေရာမှန် မြတ်နိဗ္ဗာန်သို့ ဇောနှိပ်မည့် တရားတည်း ဟူသော စည်တော်ကြီးကို။ ဝါဒိတာ–ကရုဏာရှေ့ထား ဉာဏ်တော်အားဖြင့် ဟောကြားတီးခတ်တော်မူခဲ့ချေပြီ။

**ယထာသကေန ထာမေန၊ ပုညကွေတ္တေ အနုတ္တရေ။**
**အဓိကာရံ ကရေယျာထ၊ ပဿယိဿထ နိဗ္ဗုတိ။**[၂]

ဘောန္တော–သူတော်စိတ်ဓာတ် ကိန်းဝပ်ကြငြား အို–ဒါယကာ ဒါယိကာမ အများတို့။ တုမှေ–ဒကာ ဒကာမအပေါင်း သင်သူတော်ကောင်းတို့သည်။ အနုတ္တရေ ပုညက္ခေတ္တေ–ကုသိုလ်ကောင်းမှု မျိုးစေ့စု၏ ကြီးထုမြင့်မား ဖွင့်ထွားစေရာ သာသနာမို့ ယှဉ်လာလျှင် ယှဉ်လာသူ ရှုံးရစေမည့် အမြတ်ဆုံး တုမရှိ တို့ဘုရားရှင်၏ သာသနာတော်တည်းဟူသော လယ်ယာမြေကြီးအတွင်း၌။ ယထာသကေန ထာမေန–မိမိစွမ်းအား ရှိသည်များဖြင့်။ (ဝါ) ဓန ဉာဏ သဒ္ဓါ စသား စွမ်းအားများဖြင့်။ အဓိကာရံ–အလွန်ပြုအပ် ကောင်းမှုမြတ်ကို။ ကရေယျာထ–ယခုကစ၍ ပြုကြကုန်လော။ (တေန–ထိုထိုကောင်းမှု မြတ်အစုကြောင့်)။ နိဗ္ဗုတိ–အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို။ ယဿာယိဿထ–ဘုရားစသား သူတော်များတို့ မခြားတမူ အလားတူပင် သိမြင်နိုင်ကြပါလိမ့်လတ္တံ့။

http://www.dhammadownload.com



ပဂ္ဂယှ တီဏိ သရဏေ၊ ပဋ္ဌသီလာနိ ဂေါပိယ။
ဗုဒ္ဓေ စိတ္တံ ပသာဒေတွာ၊ ဒုက္ခဿန္တံ ကရိဿထ။
သမ္မာ ဓမ္မံ ဘာဝိတွာန၊ သီလာနိ ပရိဂေါပိယ။
အစိရံ အရဟတ္တံ ဝေါ၊ သမ္ပတ္တိ ပါပုဏိဿထ။[၁]

ဘောန္တော–သူတော်စိတ်မာတ် ကိန်းဝပ်ကြငြား အို–ဒါယကာ ဒါယိကာမ အများတို့။ တုမှေ–သူတော်စိတ်မာတ် ကိန်းဝပ်ခိုအောင်၊ သင်သူတော်ကောင်းတို့သည်။ တီဏိ သရဏေ–ဘုရား တရား သံဃာ အားဖြင့် သုံးပါးအစုံ မြတ်သရဏဂုံတို့ကို။ ပဂ္ဂယှ၊ မည်ဖြုံးမနွမ်း ပွင့်သစ် ပန်းသို့ ရွှင်လန်းကြည်ကြည် ကျင့်ဆောက်တည်၍။ (ဝါ) မည်ဖြုံးမနွမ်း ပွင့်သစ်ပန်းသို့ ရွှင်လန်းကြည်ကြည် ကျင့်ဆောက်တည်ခြင်းကြောင့်။ ပဋ္ဌ သီလာနိ–ဂရုဓမ္မ နိစ္စခေါ်အပ် ငါးပါးသော သီလတော်မြတ်တို့ကို။ ဂေါပိယ–မကျိုးမပေါက် မကျားပြောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး၍။ (ဝါ) မကျိုးမပေါက် မကျားမပြောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကြောင့်။ ဗုဒ္ဓေ–အမြတ်ထိပ်တင် ဘုရားရှင်၌။ စိတ္တံ–ဂုဏ်တော်အာရုံ ကောင်းစွာထုံ၍ မှီဝဲစွဲသုံး စိတ်နှလုံးတည်း ဟူသောကြာပန်းကို။ ပသာဒေတွာ–သဒ္ဓါကြည်လင် မြတ်ရေစင်ဖြင့် အစဉ်ပက်ဖျန်း ရွှင်လန်းစေပြီး၍။ (ဝါ) သဒ္ဓါကြည်လင် မြတ်ရေစင်ဖြင့် အစဉ်ပက်ဖျန်း ရွှင်လန်းစေခြင်းကြောင့်။ ဒုက္ခဿန္တံ–သံသရာဆိုး ဒုက္ခမျိုး၏ ကုန်ဆုံးရာမှန် မြတ်နိဗ္ဗာန်ကို။ ကရိဿထ–သရဏဂုံသီလ ဆောက်တည်ကြ၍ ဗုဒ္ဓအာရုံ စိတ်ဝယ်ထုံငြား ကောင်းမှုများဖြင့် ပြုနိုင်ကြပါကုန်လိမ့်မည်။

http://www.dhammadownload.com



ဘောန္တော–သူတော်စိတ်ဓာတ် ကိန်းဝပ်ကြငြား အို ဒါယကာ ဒါယိကာမ အများတို့၊ သမ္မာ–ကောင်းမွန်လှစွာ၊ ဓမ္မံ၊ သရဏဂုံ စသား မြတ်တရားကို။ ဘာဝိတွာန–ထိန်းသိမ်းသောအား ပွားများကြပြီး၍။ သီလာနိ–ဂရုဓမ္မ နိစ္စခေါ်အပ် ငါးပါးသော သီလတော်မြတ်တို့ကို။ ပရိဂေါ်ပိယ–မကျိုးမပေါက် မကျားပြောက်ရအောင် ထိန်းသိမ်းစောင့် ရှောက်ခြင်းကြောင့်။ သမ္ပေပိ–ကြွင်းမဲ့ဉာသုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ဝေါ–သူတော်စိတ်ဓာတ် ကိန်းဝပ်ခိုအောင်း သင်သူတော်ကောင်းတို့သည်။ အရဟတ္တံ–ဘဝဆုံးသတ် အရဟတ္တဖိုလ်မြတ်သို့။ အစိရံ–မကြာမတင် ဆောလျင်စွာ။ ပါပုဏိဿထ၊ ဇောန်ထုတ်ချောက် ရောက်နိုင်ကြပေကုန်တော့သတည်း။ ။

**အမှာ။** ။ ဤဝတ္ထုဥ္ဇ ပါဠိတော်နှင့် အဋ္ဌကထာ မတူတတ်ပါ။ အဋ္ဌကထာ၌ လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက် ဝိပဿီဘုရားရှင်လက်ထက်ဟု ဆိုပါသည်။

သို့သော်–

**"နိသဘော နာမ သမဏော၊ အဂ္ဂသာဝကော"** စသော ဂါထာများကို ထောက်၍ လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက် အနော မဒဿီဘုရားလက်ထက်ဟု ရေးသားထားပါသည်။

(အရှင်ဝါသဝါဘိဝံသ မဟာထေရ်၊
သဂ္ဂမဂ်လ ဓမ္မဒေသနာ၊ စာ ၅၄-၅၈)